
www.burmeseclassic.com

တာရာသိုင်

# ရှေလင်းအောင်

## အချစ်အမုန်း ဓားနိဂုံး

ပထမတွဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# တက္ကသိုလ်နေလင်းအောင်

## အချစ်အမုန်းမားနီဂိုး

(ပထမတွဲ)

စာမူခွင့်ပြုချက်အမှတ် – ၁၁၁၇ / ၂၀၀၂ (၁၂)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၁၁၅၄ / ၂၀၀၂ (၁၂)

ပထမအကြိမ်
၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ
အုပ်ရေ-၅၀၀၊ [redacted]

**ထုတ်ဝေသူ**
ဦးထင်ရှိန် (စန်းရောင်ရှိန်စာပေ)
အမှတ်-၄/၁၇၇၊ မေခလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဒေါ်တင်တင်ဌွေး (၀၄၆၈၁)၊ ပန်းကြာခိုင်ပုံနှိပ်တိုက်
၅၆/ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အထက်မြန်မာပြည်ဖြန့်ချိရေး-**နဂါး**စာပေ(မန္တလေးမြို့)

ဖြန့်ချိရေး — ကိုမျိုး (ပန်းကြာခိုင်)

**ရွှေပဒုမ္မာစာပေ**
၁၅၈(က)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ချုံတောင်းနယ်။

ဝူယန်မြို့၊

နေကလည်း ပူသည်။ လမ်းမများပေါ်၌ အငွေ့များ တရိပ်ရိပ်ထနေသည်။

နေပူသဖြင့် မတတ်သာသည့် လူများသာ လမ်းများပေါ်၌ လျှောက်နေကြသည်။

ထိုအပူဒဏ်ကို မမှုဘဲ လူငယ်တစ်ယောက် ဟိုကြည့်သည်ကြည့်ဖြင့် လမ်းလျှောက်လာနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူငယ်၏ သွားပုံလာပုံမှာ သွက်လက်ချက်ချာသည်။ သိုင်းသမားတစ်ယောက် ဖြစ်ကြောင်း သိသာသည်။

သူ၏ ကျောင်းဆံမြီးမှာ လမ်းလျှောက်သွားတိုင်း လှုပ်ရှားနေပြီး သူသည် လက်ထဲမှ စာရွက်နီ အသေးလေးကို ကြည့်လိုက်၊ ပတ်ဝန်းကျင်ကို ကြည့်လိုက်ဖြင့် သွားနေသည်။

သူသည် တစ်စုံတစ်ယောက်ကို မေးမြန်းလိုဟန်လည်း ရှိနေသည်။

တိုက်ဆိုင်...

မှတ်တိုင်ချင်းဆိုင်မှ အဘိုးအိုတစ်ယောက် လျှောက်လာနေသည်ကို တွေ့လိုက်ရလေသည်။

သူသည် အဘိုးအိုရှေ့သို့ ကာဆီးရပ်လိုက်၏။

အဘိုးအိုက မော့ကြည့်သည်။

လူငယ်က...

"သိုင်းပြိုင်ပွဲက ဘယ်လမ်းက သွားရသလဲ ခင်ဗျာ"

အဘိုးအိုက....

"ဟောဟိုလမ်းက သွားပါ"

လူငယ်က ခေါင်းညိတ်လိုက်၏။

"ကျေးဇူးတင်ပါတယ်ဗျာ"



လူငယ်သည် အဘိုးအိုညွှန်ပြသည့်လမ်းအတိုင်း လျှောက်သွားတော့သည်။

ချုံကောင်းလယ်သို့ ရောက်ရှိခြင်းမှာ ပထမဆုံး အကြိမ်ဖြစ်၍ သိုင်းပြိုင်ပွဲ ဝင်ခြင်းမှာလည်း ပထမဦးဆုံး အကြိမ်ဖြစ်သည်။

ပထမဦးဆုံး သိုင်းပြိုင်ပွဲဝင်ရောက်ရန် ရောက်ရှိလာခြင်း ဖြစ်သဖြင့် သူ၏ သွေးများသည် ဆူကြွနေသည်။

ယူချင်းထန်။

ယူချင်းထန် ဆိုသည်မှာ လူငယ်တစ်ယောက်၏ အမည်ဖြစ်သည်။

ယူချင်းထန်သည် သိုင်းပညာကို အပြင်းအထန် ကျင့်ထားသဖြင့် ကြွက်သားများ မာကျစ်နေသည်။

လူပုံစံကို ကြည့်ရုံနှင့် သိုင်းသမား တစ်ယောက် ဖြစ်ကြောင်းလည်း သိသာနေသည်။

သို့သော်...

အဝတ်အစားကတော့ မသပ်ရပ်လှချေ။

သာမန် နက်ပြာရောင် ချည်ကြမ်းဝတ်စုံကိုသာ ဝတ်ဆင်ထားသည်။

အခြားသိုင်းပြိုင်ပွဲဝင်သူများမှာ ပိုးဖဲကတ္တီပါ ဝတ်စုံကြီးများ ဝတ်ဆင်ထားပြီး ပြိုင်ပွဲဝင်ကြသည်။

www.burmeseclassic.com



ဂိုဏ်းအမှတ်တံဆိပ် များကိုလည်း တပ်ဆင်ထားကြ၏။ တစ်ကိုယ်တော်ပြိုင်ပွဲဝင်သူများကမူ ဂိုဏ်းအမှတ်တံဆိပ် မတပ်ဆင်ကြချေ။

ယူချင်းထန်ကတော့ သာမန် အညတရတစ်ဦးကဲ့သို့ပင် ဝတ်စားထားသည်။

ပြိုင်ပွဲမှာ လေးနှစ်တစ်ကြိမ်ကျင်းပသော ပြိုင်ပွဲ ဖြစ်သည်။

လေးနှစ်တစ်ကြိမ်ကျင်းပသော ပြိုင်ပွဲကြီး၏ ဆုဝင်ခွင့်ရသည်မှာ ထူးခြားသော အခွင့်အရေးဟုပင် ယူချင်းထန် ယူဆသည်။

ဤပြိုင်ပွဲကြီးအတွက် သူ ပြင်းပြင်းထန်ထန် လေ့ကျင့်ခဲ့ရသည်။

ယခုပြိုင်ပွဲကျင်းပသည့် နေ့ရက်သို့ ရောက်ခဲ့ပြီ။

သူသည် ဤသိုင်းပြိုင်ပွဲကြီး၌ ယုံကြည်၏။ ထို့ကြောင့်ပင် သူလာခဲ့ခြင်းဖြစ်သည်။

သိုင်းပြိုင်ပွဲကြီးကို ဦးစီးကျင်းပသော သိုင်းပညာရှင်ကြီးများမှာ အလွန် သိက္ခာသမာဓိရှိသော သိုင်းပညာရှင်ကြီးများဖြစ်သည်။

ထိုသိုင်းပညာရှင်ကြီးများ၏ အမည်ကို သူသိသည်။



ထိုသိုင်းပညာရှင်ကြီးများမှာ မြောက်ကျွန်းမယ်တော်၊ နတ်ခေါင်းဘိုးဘိုး၊ မတ်ဇောလက်ဝါး၊ ချွန်ဆင်းတော်ကော်တို့ ဖြစ်ကြသည်။

သူတို့အကဲဖြတ်ကြမည် ဖြစ်သည်။ ဒိုင်လူကြီးများမှာ သူတို့ပင် ဖြစ်သည်။

ထိုသိုင်းပြိုင်ပွဲမှာ တစ်နှစ်တစ်ကြိမ် ကျင်းပသော ပြိုင်ပွဲ မဟုတ်ပေ။

လေးနှစ်တစ်ကြိမ်ကျင်းပသော ပြိုင်ပွဲဖြစ်သည်။

ထို့ကြောင့် ကျင်းပချိန်နီးကြသည်။ ပြိုင်ပွဲကျင်းပမည့်နေ့ကို စောင့်ရသည်မှာ တမေ့တမောကြီးဖြစ်သည်။

ထို့ကြောင့်ပင် ယူချင်းထန် ဤပြိုင်ပွဲသို့ ဝင်နွှဲလိုက်ခြင်း ဖြစ်သည်။

တစ်ကြိမ်လွဲသွားလျှင် လေးနှစ်ကြီးများတောင် စောင့်ရမည် ဖြစ်သည်။

သူ့သိုင်းပညာအစွမ်းကို ဤသိုင်းပြိုင်ပွဲတွင် ချပြလိုသည်။

ချပြခွင့်ရခြင်းမှာ ဝမ်းသာစရာပင် မဟုတ်ပါလား။

သူသည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်လှမ်းခဲ့သည်။ လမ်းများကို ဖြတ်ကျော်ခဲ့သည်။ လူများကို ဖြတ်ကျော်ခဲ့သည်။ ဆိုင်များကို ဖြတ်ကျော်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



တွေ့ကြည့်လိုက်မှာက သူ့ကို ရှာဖြိုင်ပြိုင်ခဲ့ဖူး။

သူ့အဝတ်အစားများမှာ ဂိုးဖဲ ဓာတ်တိဖ ါမဟုတ်။ အာမန်ရှိ အဝတ်အစားများမဟုတ်လား။ သူ့ကို မည်သူမျှ ဂရုမစိုက်သည်က အံ့သြစရာမဟုတ်ချေ။

ဤကဲ့သို့ အလှပ်အမြန် လာနေခြင်းမှာ ပြိုင်ပွဲဝင်ရက် နေ့သည် ကျနေသောကြောင့် မဟုတ်ပေ။

ပြိုင်ပွဲဝင်ရက်ကို သူကောင်းစွာသိသည်။ သူ၏ ရောက်လာခြင်းမှာ ပြိုင်ပွဲနှင့် ရင်းနှီးကျွမ်းဝင်စေရန် ဖြစ်သည်။

ပြိုင်ပွဲဝင် စာရင်းပေးခြင်း၊ လေ့ကျင့်ခြင်းနှင့် အနားယူခြင်းတို့ ပြုလုပ်ရသည်။

ဤသို့ ဖွဲ့ဆင့်ထင့်ပြုလုပ်ရန်အတွက် သူအမြဲ ပူနေခြင်း ဖြစ်လေသည်။

သူသည် ပြိုင်ပွဲကျင်းပရာကွင်းကြီးသို့ မြင်တွေ့လိုက်ရသည်။

ရောက်စုံသလိမ်များ လှုလှူ လွင့်နေသည်။ လူများစုရုံးဖြစ်နေသည်။ သူသည် လျှောက်သွားလေ၏။

"ခွပ်...ခွပ်...ခွပ်"

"အို...အမေ့"



အရှိန်မသတ်ဘဲ စီးနင်းလာသော မြင်းများသို့ ရှောင်ရခြင်းကြောင့် သူသည် မိန်းမပျိုတစ်ဦးနှင့် ဝင်တိုက်မိသွားသည်။ မိန်းမပျိုမှာမူ သူ့အရွယ်လောက်ပင်။

"ကျွန်မ တောင်းပန်ပါတယ်ရှင်"

"ကိစ္စမရှိပါဘူးဗျာ"

သူတို့ချင်း တိုက်မိသွားပြီးနောက် မိန်းမပျိုက သူ့အား အကဲခတ်သည်။

သိုင်းသမားဟန်ကြနေသော သူ့ကိုမြင်သည်။ သိုင်းသမားတစ်ယောက်ဖြစ်သည့်အတွက် မိန်းမပျို အကဲခတ်မိသွား၏။

"ဒီက အစ်ကိုက ပြိုင်ပွဲဝင်မှုလို့လားဟင်"

သူချင်းထန် မိန်းမပျိုအားကြည့်ရင်း ပြန်ဖြေ၏။

"ဟုတ်ပါတယ်ဗျာ"

သူသည် အတိုဆုံးဖြေလိုက်၏။ မိန်းမပျိုနှင့် ခင်မင်ရင်းနှီးအောင် သိုင်းစိုင်း မပြောမနေချေ။ ပြီးသည်နှင့်လူထိုသည် ခရီးဆက်ရန် ဟန်ပြင်လေ၏။

အမှန်တော့ မိန်းမပျိုမှာလည်း ပြိုင်ပွဲဝင်မည့်သူ တစ်ဦးပင်။ သူမ၏ နာမည်မှာ 'ဖင်းယု'ဖြစ်သည်။

ရုပ်ရည်ချောမောသည်။ ကိုယ်ဟန်သဏ္ဍာန်က နွဲ့နှောင်းသည်။

www.burmeseclassic.com

သိုင်းသမားတစ်ဦးပုံမပေါက်ခဲ့၊ သို့သော် စိတ်ဓာတ်က တော့ မာကျောလှသည်။

သံမဏိတမျှခိုင်း သူမသည် လူမဆိုးယ်သူမ အလွန်ယုံကြည် မှု ရှိ၏။

ဤသိုင်းပြိုင်ပွဲတွင် သူမအနိုင်ကြဲနိုင်လိမ့်မည်ဟု ယူဆ ထားသည်။

သိုင်းပြိုင်ပွဲကျင်းပရာနေရာ၌ နယ်ပေါင်းစုံမှ သိုင်းသမား များဖြင့် စည်ကားနေသည်။

သိုင်းသမားတစ်ယောက်ချင်း၊ တစ်စုချင်း ဟိုဟို သည် သည် သွားလာနေကြသည်။

ထိုအထဲတွင် ခည်အသည့်သိုင်းပညာမျှ မတတ်သူများလည်း လာရောက်ငေးမောနေသည်။

သူတို့မှာ နတ်ကရာ ကျီးမော့ဆိုသကဲ့သို့ လာရောက် ကြည့်ရှုနေကြခြင်း ဖြစ်သည်။

ယူချင်းထန်မှာ နံမည်စာရင်းပေးပြီးသည်နှင့် လူများ နှင့်ဝေးရာသို့ သွား၍ တစ်ယောက်တည်း ထိုင်နေသည်။

သူသည် ဗျူ့သိုင်းပညာများကို ပြန်နိုင်လှန် တွေးတောနေ မိသည်။

အထူးသဖြင့် မိုးပြိုလက်သီးသိုင်းကွက်ဖြစ်သည်။



မိုးပြိုလက်သီး....

မိုးပြိုကျမလာဘဲ ပြင်းထန်သော လက်သီးသိုင်းကွက် ဖြစ်သည်၊

လက်နက်မဲ့သိုင်းကွက်ဖြစ်သည်၊ ကိုယ်ခံ တိုက်ခိုက်ထား သော သိုင်းပညာဖြစ်သဖြင့် ထူးဆန်းနေသည်မှာ သေချာ သည်။

ထိုပညာဖြင့် ဘယ်နှစ်ယောက်ကို ယှဉ်ပြိုင်ရမည်နည်း။ ဤသည်ကိုတော့ သူမသိပေ။

မိုးပြိုလက်သီး သိုင်းကွက်မှာ နာမည်နှင့် လိုက်အောင် ပြင်းထန်သော သိုင်းကွက် ဖြစ်သည်။

မိုးပြိုလက်သီးသိုင်းကွက်ကို လေ့ကျင့်ရသည်မှာ မလွယ် လှပေ။

လက်သီးကို အကြိမ်ကြိမ် လေ့ကျင့်ရသည်၊ သဲအိတ် ကို ထိုးရသည်။

ပါးပင်ကို ထိုးရသည်၊ ရေထဲ ထိုးရသည်၊ လေထဲ ထိုး ရသည်။

ထို့ပြင် တစ်ဆင့်တက်ခဲ့သော်....

လက်နှစ်ဖက်လုံးကို သံတုံး သံခဲကဲ့သို့ မာကျောအောင် လေ့ကျင့်ရသည်။

ထို့နောက်တစ်ဖန်....

www.burmeseclassic.com



မိမိကိုယ်ကို သစ်ရွက်တစ်ရွက် ပန်းပွင့်တစ်ပွင့်လို အခုစါ ပေါ့ဆုံး ရွေ့လျားနိုင်အောင် စိတ်လေလွင့်ခန်းဖွား ရသည်။

တစ်ခါတစ်ရံ အတွင်းအားတို့ ဖျော်၍ ထိုးရသည်လည်း ရှိသည်။

ထိုအခါ အရှော့ခေါက်သီး ဖြစ်သွားသည်။

တစ်ခါတစ်ရံ စိတ်အားတင်း၍ ထိုးရသည့် အခါလည်း ရှိသည်။

ထိုအခါ အဆက်ဆက်သီး ဖြစ်သွားသည်။

ထိုသီးထိမိသော အရာတိုင်း ကွဲအက် ကြေမွသွားရ စမြဲဖြစ်သည်။

အဆိုးဆုံး ဆိုရမည်ဆိုလျှင် မိုးကြိုးဆက်သီးနှင့် တွေ့ကြုံ လူတိုင်း မရှုမလှ ခံစားရစမြဲဖြစ်၏။

သိုင်းသမားများ ယခုမှာ ပြောဆိုနေကြသည်။

“ပြိုင်ပွဲအစီအစဉ် ဆွဲပြီးတာနဲ့ ဘယ်သူနိုင်မယ် ဆိုတာ အပိုင်တွက်လို့ရပြီကွ”

“ဘယ်လို အပိုင်တွက်လို့ရမှာလဲ၊ ပြိုင်တဲ့လူတွေရဲ့ သိုင်း ပညာတွေကို မင်းက အတုန့်သိနေလို့လား”

“မှတ်သယ်၊ မင်းဘယ်လိုလုပ် သိမှာလဲ”

“ဟာ... မသိတာရှိပါ့မလား၊ အားလုံး သူလိုကိုယ်လိုသိုင်း သမားချည်းပဲဥစ္စာ”



“သွားစမ်းပါ၊ တေစင်တစ်လုံးသည် အခြား တောင် တစ်လုံးထက်မြင့်၏ဆိုတဲ့ သိုင်းလောကစကားပုံကို မင်းမေ့ နေပြီလား”

သိုင်းသမားများသည် ငြင်းခုံနေကြ၏။

ယူချင်းထန်ကား ထိုစကားများကို စိတ်မဝင်စားချေ။

သူ့သိုင်းကွက်များကိုသာ စဉ်းစားနေသည်။

ငြင်းခုံနေကြသော သိုင်းသမားများသည် ငြင်းခုံပြီး နောက် ထ၍သွားကြသည်။

သူတို့သည် သစ်ပင်တစ်ပင် ခြေရင်းတွင် ထိုင်နေသော ယူချင်းထန်ကို ကြည့်မသွား၏။

သူတို့လို ဝဏ်ကောဇင်းစားလှလည်းမဟုတ်။

အုပ်စုလည်းမဖေါ်။

တစ်ယောက်တည်း အထွေးခေါင်နေသော ယူချင်းထန်ကို အထင်သေးသေးသောမျက်လုံးများဖြင့် ကြည့်ကြလေ၏။

ယူချင်းထန်ကတော့ အထင်သေးသေးသည့် မျက်လုံးများကို မကြည့်မိချေ။

ငြင်းခုံကြသော သိုင်းသမား အုပ်စုသည် မိန်းမပျို တစ်ယောက်အား မျက်စိကျွတ်မတတ် စိုက်ကြည့်နေကြလေ သည်။

ထိုမိန်းမပျိုကား အလွန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန်နှင့် ဝင်တိုက်မိသော ဖင်းယုပေတည်း။

ဖင်းယု၏အလှသည် တစ်မူထူးခြား၏။

သိသာလှသည်။

ချိုတင်းနေယံရှိ မိန်းကလေးများနှင့်လုံးဝမတူချေ။

ထိုစဉ်…

နှုတ်ခမ်းမွေးစစ၊ ဆံပင်သို့ သပ်ရပ်စွာ စည်းနှောင်ထားသည့် လူကစ်ယောက်သည် ဖင်းယုအား တောက်ပသော မျက်လုံးများဖြင့် လှမ်းကြည့်လေ၏။

“အောင်…”

လူသည် အံ့သြသွားဟန်ဖြင့် ဟင်ခနဲ ဖြစ်သွားမိသည်။ သူက စဟင်ရှေ်ငင် ပြောသည်။

“နင်…နင်…ဖင်းယုမဟုတ်သား”

ဖင်းယုသည် ထိုလူအားကြည့်၏။

သူမသည် ထိုလူ၏ မှတ်မိသလိုလို၊ မမှတ်မိသလိုလို ရှိနေသည်။

အတန်ကြာမျှ မျက်မှောင်ကြုတ် ကြည့်ပြီးမှ…

“နင်…နင် လီဆူရှင်း မဟုတ်လား”

နှုတ်ခမ်းမွေးစနှင့်လူက ဝမ်းသာအားရပြောသည်။

“ဟုတ်တယ်…ဟုတ်တယ်”



“နင် ဘာလာလုပ်တာလဲ”

“ဟာ…သိုင်းပြိုင်ပွဲအို လာခဲ့တာပဲ၊ ဘာလုပ်ရမှာလဲ၊ သိုင်းပြိုင်ပွဲဝင်ဖို့ပေါ့”

“ဘာပြိုင်မှာလဲ”

“ယက်နက်မဲ့သိုင်း”

“ဒါဆို ငါနဲ့ အတူတူပဲပေါ့”

လီဆူရှင်း ခေါင်းညိတ်၏။

သူတို့သည် သိုင်းပြိုင်ပွဲပြိုင်ပဋိ မိတ်ဆွေများဖြစ်ကြ၏။

သို့သော် ပြိုင်ပွဲကျင်းပသောအခါ ပြိုင်ဘက်ရန်သူများ ဖြစ်ကြပေလိမ့်မည်။

ဖင်းယုသည် လီဆူရှင်းကိုတွေ့သဖြင့် ဝမ်းသာ၏။

အဘယ်ကြောင့်ဆိုတည်း။

သူမသည် အလွန်စိတ်ပျက်သွားသည်။

သူမသည် နှလုံးသားရေးရာတွင် စိတ်မဝင်စားပေ။

သူမ၏ရည်ရွယ်ချက်မှာ သိုင်းလောကတွင် ကျော်ကြားသော သိုင်းသမားဖြစ်ရေးပင်တည်း။

“ဖင်းယု”

လီဆူရှင်းက ခေါ်လိုက်၏။

ဖင်းယု ခေါ်က်ဆတ်ဆတ်ပြန်ပြောသည်။

“ဘာလဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဟို—ဟို…ငါပြောဖူးတဲ့ ကိစ္စလေး အဖြေမေးပါလာ ဖင်းယုရယ်"

"ဟာ—ဒီလိုအချိန်မျိုးကြီးမှာ ဒီစကား မပြောထွက်ရက်တာ အံ့သြတယ်၊ ဒီအချိန်မှာ နှလုံးသားရေးရာစကားတွေ ပြောနေရမယ့်အချိန် မဟုတ်ဘူး လီဆူရှင်းရယ်၊ ဒီကောင်းတွေ ပြောနေမယ့်အစား ပြိုင်ပွဲမှာ အနိုင်ရအောင် ကြိုးစားပါ"

"ငါနိုင်ရင် နင် အဖြေပေးရမယ်နော်"

ဖင်းယု စဉ်းစားလိုက်၏။

သူ့အားပေးမည့်အဖြေသည် ဖြူသည်မည်းသည် မတွေးတတ်ချေ။

အဖြေပေးလိုက်လျှင် ပြီးသွားမည်သာဖြစ်သည်။

ထို့ကြောင့် ခေါင်းညိတ်လိုက်သည်။

လီဆူရှင်း ပျော်သွားသည်။

သူသည် ကြိုးစားပမ်းစား ပြိုင်ပွဲဝင်ရတော့မည်။

✵

အခန်း (၁၂)

"ဝှီး—ဝှီး"

"ဗွစ်…ဗွစ်"

ဝါးတောထဲတွင် လေချွန်းထန်စွာ လေ ကျွှံနေခြင်းဖြစ်၏။

ထိုဝါးတောမှာ သူ့အတွက် ဟန်ကျနေသည်။

သူ၏ မိုးပြိုဆက်သီး လေ ကျင့်ခြင်းနှင့် ဝါးတောမှာ ကိုက်ညီဖြစ်သည်။

သူသည် ဖြတ်ထားသော ဝါးစင်ငုတ်တိုများအပေါ်သို့ သွားခနဲ လွှားခနဲခုန်တက်ရင်း ဝါးလုံးများသို့ ထိုးရသည်မှာ အရသာရှိလှသည်။

www.burmeseclassic.com



အတွင်းအားအပြည့်သုံးထားသော သူ့လက်သီးချက်များသည် လေထဲ၌ အသံမြည်နေ၏။

ထိုအသံက ကြောက်စရာကောင်းသည်။

သူသည် အစွမ်းကုန်လေ့ကျင့်နေသည်။

သိုင်းသမားတစ်ယောက်သည် ရုပ်ဓာတ်သာမက စိတ်ဓာတ်ပါ ကောင်းရမည်။

သို့မှသာ ပြိုင်ပွဲ၌ အနိုင်ရမည်။

ယခု သိုင်းပြိုင်ပွဲဝင်သူများမှာ သူ့ထက် အတွေ့အကြုံများသောသူများ ဖြစ်ကြသည်။

ယူချင်းထန်သည် ပြိုင်ဘက်များကို လျှော့တွက်ခြင်းမရှိချေ။

"ဝိုး...ဝိုး...ဝှစ်"

ယူချင်းထန်သည် လေ့ကျင့်ရင်း နားထဲသို့ အသံတစ်သံ ဝင်လာသည်။

သူသည် ဆတ်ခနဲလှည့်ကြည့်လိုက်သည်။

အမျိုးသမီးတစ်ယောက်ကို တွေ့ရလေ၏။

"ဩော်...မင်းကိုး"

ယူချင်းထန်သည် လေ့ကျင့်မှုကို ရပ်ဆိုင်းလိုက်သည်။

"ငါလေ့ကျင့်နေတာကို မင်း ဒီလိုလာမကြည့်သင့်ဘူး"



'တစ်ဦးလေ့ကျင့်နေသည်ကို တစ်ဦးက မကြည့်ကြရ' ဟူ၍ သိုင်းပြိုင်ပွဲစည်းကမ်းချက်ပင် ဖြစ်သည်။

လေ့ကျင့်နေစဉ် အခြားသူကြည့်လျှင် ထိုသူ၏သိုင်းကွက်များကို တွေ့ရှိရမည်။

ထိုအခါ သိုင်းကွက်ပျက်နိုင်မည်။

အတွက်အချက် လွဲနိုင်မည်။

ထို့ကြောင့် သိုင်းပြိုင်ပွဲစည်းကမ်း၌ လေ့ကျင့်နေသူကို ကြည့်ရှုရန် တားမြစ်ခြင်းဖြစ်ပေသည်။

"ကျွန်မ လာကြည့်တာမဟုတ်ပါဘူး၊ ဒီနေရာက ဖြတ်လျှောက်ရင်း အစ်ကိုလေ့ကျင့်တာကို တွေ့ရတာပါ"

"ဘာပဲဖြစ်ဖြစ် မင်း ငါ့ဆီမလာသင့်ဘူး၊ ပြိုင်ပွဲ စည်းကမ်းနဲ့ မညီညွတ်ဘူးဆိုတာ မင်းသိသင့်တယ်"

"ကျွန်မ ဟာမင်လာကြည့်တာမှ မဟုတ်တဲ့ အစ်ကိုရယ်"

ယူချင်းထန်မှာ သိုင်းလေ့ကျင့်မှုကို လုံးဝရပ်ဆိုင်းထားလိုက်သည်။

သူ့လေ့ကျင့်နေမှုကို ပေါင်ယု မမြင်စေချင်ပေ။

"ကျွန်မ ပေါင်ယုက အစ်ကို့ စိတ်အနှောင့်အယှက် ဖြစ်သွားလို့လားဟင်"

ပေါင်ယုက သူ့ကိုမေးလိုက်၏။

"ဟင့်အင်း... မဖြစ်ပါဘူး၊ ဒါပေမယ့် ငါ့သိုင်းကွက်တွေကို သူများသိမှာ စိုးရိမ်တယ်၊ လူ့စိတ်ဆိုတာ အမြဲပြောင်း

www.burmeseclassic.com

www.burmeseclassic.com



လဲတတ်တာ မစွတ်ဆွား၊ ငါက လူမြင်ရုံနဲ့ အဆိုးအကောင်း ခွဲခြားတတ်တာ မဟုတ်ဘူးလေ"

ယူချင်းထန်၏ စကားများကြောင့် သူ့ကို အစသာနှင့် နစ်နာ နှုတ်နေသလို ဖြစ်နေ၏။

ဖင်းယုမှာ မျက်နှာလေး နီမြန်းသွားသည်။ သို့သော် အတတ်နိုင်ဆုံး ဟန်မပျက်အောင် ဟန်ဆောင်ထားသည်။

"ကျွန်မ တောင်းပန်ပါတယ်၊ ကျွန်မ အစ်ကို့ သိုင်းကွက်ကို ခိုးကြည့်ဖို့လာတာမဟုတ်ပါဘူး၊ ရိုးရိုးလာတာပါ"

ဖင်းယုက အထပ်ထပ် တောင်းပန်လိုက်သည်။ ယူချင်းထန်ကမူ ဖင်းယုအား သနားသလို ဖြစ်လာသည်။

"မင်း နာမည် ဘယ်သူလဲ"

"ဖင်းယုပါအစ်ကို"

"ငါ့နာမည် ယူချင်းထန်၊ ငါလဲ ပြိုင်ပွဲဝင်ဖို့ လာတာပါ၊ ပြိုင်ပွဲဝင်တဲ့လူချင်း ခင်မင်ချင်တယ်ဆိုရင်တော့ နောက်တစ်ခါ ဒီတွဲမလာပါနဲ့လို့ ပြောချင်ပါတယ်"

ယူချင်းထန်သည် သို့စကားကို ပြောပြီးနောက် ဝါးရုံ အုပ်ထဲမှ ထွက်သွားသည်။

ဖင်းယုမှာ ငေးမောကြည့်ရင်း ကျန်ရစ်ရှာ၏။

* * *



အစည်းအဝေး ခန်းမကြီးထဲ၌ အပ်ကျသံ မကြားရအောင် တိတ်ဆိတ်ငြိမ်သက်နေ၏။

ထိုတိတ်ဆိတ်ငြိမ်သက်ခြင်းကို ရှောင်လင် ဂိုဏ်းချုပ်ကြီးက စတင် ဖြိုခွဲလေ၏။

"ဒီသိုင်းပြိုင်ပွဲဟာ လေးနှစ်တစ်ကြိမ် ကျင်းပတဲ့ သိုင်းပြိုင်ပွဲဖြစ်ပါတယ်၊ ပြိုင်ပွဲကာလဟာ ကြာလဲမကြာပါဘူး၊ မြန်လဲမမြန်ပါဘူး၊ သင့်လျော်တဲ့ကာလ အကွာအဝေးကို သတ်မှတ်ထားခြင်းပါ"

ဂိုဏ်းချုပ်ကြီးသည် စကားကို ခေတ္တရပ်ပြီးမှ ဆက်ပြောသည်။

"အဓိက အရေးအကြီးဆုံး အချက်က ချုံဆောင်းနယ် အတွက် ပြောင်မြောက်ထူးချွန်တဲ့ သိုင်းသမားကို ရွေးချယ်နိုင်ဖို့ပဲ၊ တရားမျှတစွာ ယှဉ်ပြိုင်ပြီး ဒီအထဲက သူရဲကောင်းကို ရွေးချယ်နိုင်ဖို့ပဲ အရေးကြီးပါတယ်၊ ပုဂ္ဂလိကစိတ်မထား ဘဲနဲ့ ချုံကင်းနယ်အတွက် ကျယ်ပြန့်တဲ့စိတ်ကိုထားပြီး သိုင်းသူရဲကောင်းတို့ကို ရွေးချယ်ကြစို့"

ခြေသလုံးအိမ်တိုင် ဂိုဏ်းကလည်း...

"တစ်ဦးနဲ့တစ်ဦးယှဉ်ပြိုင်တဲ့နေရာမှာ အရှုံးအနိုင်တော့ ရှိကြမှာပဲ၊ ဒီအခါမှာတစ်ယောက်ကိုတစ်ယောက် အာဃာတ မထားကြဖို့ အရေးကြီးပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ အတွေ့အကြုံများသော နတ်ခေါင်းအဘိုးအိုက ဝင်ရောက်ရှင်းပြလေ၏။

"ဒီအကွက်မှာတော့ အာမှုအပူမပါနဲ့၊ ရှိုးပွဲက လက်ရွေးစင်တွေ အချင်းချင်းဘဲ ပြိုင်ပွဲရပ်ဖို့ အစီအစဉ်ရှိပါတယ်၊ ဒိုင်လုပ်တဲ့ လူတွေဟာ အတွေ့အကြုံများတဲ့ လူတွေ ဖြစ်ပါတယ်....

ပြိုင်ဘက်တစ်ဦး ရှုံးနိမ့်နေပြီဆိုရင် အတွေ့အကြုံက သိနိုင်ကြပါတယ်၊ အဲဒီအခါမှာ ပြိုင်ပွဲကို ရပ်လိုက်မှာပေါ့၊ ဒါ့ကြောင့် အနည်းအကျဉ်းလောက် ထိခိုက်ဒဏ်ရာရမှာပေါ့၊ ဒါတော့ ခွင့်လွှတ်ကြရမှာပေါ့"

ဟူတာနိုဂိုဏ်းမှ ဂိုဏ်းချုပ်မှာ ပါ။

ထိုအခါ ငါးနင့်သိုင်းဆရာကြီးတစ်ယောက် ထက်လာပါသည်။

ထိုသိုင်းဆရာကြီးက—

"သိုင်းပြိုင်ပွဲမှာ သိုင်းပညာရဲ့ကောင်း ရွေးချယ်သူအပြိုင်ပါတော့၊ ဒီအခါမှာ ဒွတ်တုတ် ထိုက်သိက်တန်ကာ ချီးမြှင့်ဖို့လိုပါတယ်၊ ဘယ်လို ဆုချီးမြှင့်မယ်လို့ စိတ်ကူးထားကြပါသလဲ"

ဟူဘန်ဂိုဏ်းမှ ဓားခေသာ နမ်းခွန်းမှာ မေးသင့်မေးထိုက်သော မေးခွန်းပင်။

ထိုအခါ အဖွဲ့က ရွေးချယ်ထားသော တာဝန်ခံက—



"ဒီပြိုင်ပွဲဟာ ခြားပြိုင်ပွဲတွေလို မဟုတ်ပါဘူး၊ အယောက် အရွယ် များသော ကန့်သတ်မထားတဲ့ ပြိုင်ပွဲပါ၊ သိုင်းပညာရဲ့ ရွှေခဲဆောင်မှုကိုသာ အဓိကထားတဲ့အတွက် ဘယ်သူ သိုင်းအထက်မြက်ဆုံးလဲ အဲဒီသူ့ကိုသာ ရွေးမှာပါ...

"ဒီပြိုင်ပွဲမှာ လက်နက်နဲ့ လက်နက်မဲ့ ဆိုသူမဆို ယှဉ်ပြိုင်နိုင်ပါတယ်၊ လက်နက်မဲ့ယှဉ်ပြိုင်သူဟာလဲ ခနောက်ဆုံးမှာ လက်နက်နဲ့ယှဉ်ပြိုင်သူကို တွေ့ဆုံရမှာပဲ၊ နိုင်တဲ့လူကို သိုင်းရာဇာကျမ်း ချီးမြှင့်မယ်လို့ အဖွဲ့က ဆုံးဖြတ်ထားပါတယ်"

လူကြီးမျှခွေးအားလုံးမင် စိတ်လှုပ်ရှားသွားကြ၏။

ချီးမြှင့်သည့်ဆုသည် ခလွန်း အဖိုးထိုက်တန် သည့်ဆု မဟုတ်ပါလား။

ပွဲစဉ်အဆင့်ဆင့်ယှဉ်ပြိုင်ရမည် ဖြစ်သော်လည်း နောက်ဆုံး ဗိုလ်လုပွဲအဆင့်တွင် အနိုင်ရတစ်ဦးသာ ရွေးချယ်ခံရ ဖြစ်လေသည်။

သိုင်းရာဇာကျမ်းမှာ ရှေးဟောင်းကျမ်း မဟုတ်သော်လည်း ယခုရှိ သိုင်းကျမ်းများထဲတွင် အဖိုးတန်ဆုံး သိုင်းကျမ်းဖြစ်သည်။

သိုင်းကျမ်းမှာ မကြာမီက အုပ်ချုပ်သွားခဲ့သည့် သိုင်းရာဇာကြီး သုံးပါးရေးဖွဲ့ထားသည့် သိုင်းကျမ်းပင်။ ထိုကျမ်းကို ရေးသူသည် ယခုတစ်လျှောက်လုံး အခေတ်ကောင်းဆုံး သိုင်းပညာရှင်တစ်ယောက် ဖြစ်ခဲ့သည်မှာ သေချာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချုံကင်းနယ် ဆိုင်းပွဲဥ်မှာ ကျင်းမချိန်ရှည်ကြာလှပြီဖြစ်သဖြင့် စည်းကမ်းချက် အဆစ်များ ထပ်မံရေးဆွဲရန် မလိုတော့ချေ။

လက်နက်မဲ့ချင်း ယှဉ်ပြိုင် ခနခက်ဆုံး လက်နက်မဲ့နှင့် လက်နက်ရှိ ယှဉ်ပြိုင်ပြီး သူရဲတောင်း လူရမည် ဖြစ်၏။

ဒိုင်လူကြီးမှူးနှင့် ကျင်းမဝေးသော အဖွဲ့ဝင်များသည် လက်နက်ရှိ လက်နက်ကိုင်ရန် လက်နက်ခုနစ်မျိုးကို သတ်မှတ်ခဲ့လိုက်သည်။

တရားမျှတစွာ ယှဉ်ပြိုင်ရန်လည်းမှာကြားသည်။

အဖွဲ့ဝင်များသည် သိုင်းပြိုင်ပွဲကြီး ပြီးစီးသွားပါက ချုံကင်းနယ်မှ သိုင်းသမား ၊သူရဲကောင်းတစ်ယောက် ပေါ်ထွန်းလာတော့မည်ကို သိရှိကြသဖြင့် ကျေနပ်ဝမ်းသာသော စိတ်ဖြင့် ကြည့်ကြမည်ဖြစ်ပေသည်။

★

# အခန်း (၃)

## မေသာ ဝရိယာယိ

ယွှုချင်းထန်သည် ဖင်းယုအားမတွေ့ရသောအခါ ဖင်းယုအား မျှော်နေမိပြန်လေ၏။

ထိုစဉ်...

ဖင်းယု ရောက်ရှိလာပြီး သူ့အား စေါ်နီတာလေး လက်ဆောင်ပေးသည်။

ထိုစေါ်နီတာလေးသည် ချစ်သက်ဆက်မဆောင်ချော။

ယွှုချင်းထန်သည် ရုပ်ရည်ရူပကာအားဖြင့် မဆိုးပေ။

သို့သော်...

ဤခေါ်ကဌ် သူ့အား စိတ်ဝင်စားသူ တစ်ယောက်မျှ မတွေ့ရဖြင့် သူသည် အထီးကျန် ဆန်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ယခု ဖင်းယုက သူ့အား ဝေါနီကလေး ကောက်ဆောင်ပေးလေပြီ။

ဖင်းယုသည် အလွန်လှ၏။

ယောက်ျားတိုင်းကို ဖမ်းစားနိုင်သည်။

သူသည် ပြိုင်ပွဲဝင်သိုင်းသမားများအထဲတွင် မျက်နှာပွင့်သောမိန်းမဖြစ်သည်။

သူသည် သိုင်းလေ့ကျင့်ခန်းများ၊ ပြုလုပ်နေစဉ် ဖင်းယုကို စောင့်မျှော်မိ၏။

ဖင်းယု မလာတော့ချေ။

တစ်နေ့တော့ ရောက်လာသည်။

သူ့အား မမျှော်လင့်ဘဲ ဝေါနီကလေးပေး၍ ထွက်သွားသည်။

သူ့အိပ်ရာဝင်တိုင်း ဝေါနီကလေးအားကို ကြည့်၍ စိတ်ကူးယဉ်မိသည်။

ဖင်းယုအပေါ်တင်းမာစွာ ဆက်ဆံမိသည်တို့၌ နောင်တ ရရှိခဲ့သည်။

သူသည် ဖင်းယုကို အလွန်အမင်းစိတ်ဝင်စားမိလေပြီ။ ဤအချည်မှာ အချစ်လားဆိုတာတော့ မသိပေ။

ဖင်းယုက ယွန်ချင်းသန့်အား ဝေါနီကလေး ပေးသည် ဟူသော သတင်းမှာ ပျံ့နှံ့သွားသည်။

သိုင်းသမားအချင်းချင်း တီးတိုးပြောကြသည့် အတင်းတစ်ရပ် ဖြစ်သွားသည်။



ထိုသတင်းသည် တစ်ဦးတစ်ယောက်ထံသို့လည်း ရောက်သွားသည်။

ထိုတစ်ဦးတစ်ယောက်သည်သာ လီဆူရှင်းတည်း။

သို့သော်...

ထိုသတင်းကိုသာ သိသည်၊ မည်သူ့ထံမှ ပေးခဲ့ကြောင်းကိုတော့ လီဆူရှင်း သေသေချာချာ မသိပေ။

သူသည် ယွန်ချင်းသန့် ဆိုသူကိုလည်း မသိပေ။

ထို့ကြောင့်...

သူသည် အပေါင်းအသင်း သိုင်းသမား များကို မေးမြန်းသည်။

"အဲဒီဝေါနီကို ဖင်းယု ဘယ်သူ့ကို ပေးခဲ့တာလဲကွာ၊ ခင်း...အဲဒီခံရတဲ့လူကို သိလား"

"ဟင့်အင်း...မသိဘူး၊ ပြိုင်ပွဲဝင်မယ့် သိုင်းသမား တစ်ယောက်လို့ပဲ သိသတဲ့"

လီဆူရှင်းမှာ ဝေါနီ ပေးခံရသူကို မသိပေ။

အသည်းထဲ၌ ဆူးစင်သကဲ့သို့ ဖြစ်နေတော့သည်။

သူနှင့်ဖင်းယုသည် တစ်ရပ်တည်းသားများ ဖြစ်သည်။

ဖင်းယုကို စွဲလမ်းနှစ်သက်ခဲ့သည်။

သူသည် သိုင်းပြိုင်ပွဲ၌ ဖင်းယု၏ အချစ်ကိုရရှိရန် မျှော်လင့် အားခဲထားသည်။

ယခုတော့...

ပြိုင်ပွဲဖွင့်လှည်း တွေ့ချပြီ

www.burmeseclassic.com

www.burmeseclassic.com



သို့သော်—

လူလိုချင်သည့် အဖြေကိုတော့ မရသေး။

သိုင်းပြိုင်ပွဲ၌ အနိုင်ရလျှင် အဖြေပေးမည်ဟူသော ကတိ ပေးခဲ့သည်။

အဖြေမှာ အဖြူအမည်း မသဲကွဲ။

အခြားလူတစ်ယောက်ကို ပဝါနီပေးခြင်းမှာ သူ့အတွက် သတင်းကောင်း မဟုတ်ချေ။

မိန်းမပျိုတစ်ယောက်က ယောက်ျားပျိုတစ်ယောက်ကို ပဝါပေးခြင်းသည် ထိုမိန်းကလေး၏ စိတ်ဝင်စားမှုကို ပြသခြင်းပင် မဟုတ်ပါလော။

ဖင်းယုသည် ထိုသူ့ကို ပဝါနီပေးလိုက်ခြင်းဖြင့် သူ့ကို မချစ်တော့ဟု ပြောဆိုလိုက်ခြင်းလော။

လီဆူရှင်းသည် အမျိုးမျိုးတွေးပြီး ခေါင်းရှုပ်သွား၏။

ထိုကိစ္စကို ကာယကံရှင်ဖြစ်သော ဖင်းယုနှင့် ဖြေရှင်းမှသာ ဖြစ်ပေတော့မည်။

လီဆူရှင်းသည် ဖင်းယုကို လိုက်ရှာသည်။

ကြာကြာ မရှာလိုက်ရပါ၊ ဖင်းယုကို တွေ့သည်။

လီဆူရှင်းသည် ဖင်းယုကို တွေ့သောအခါ ဒေါသတကြီး မေးမြန်းလေတော့၏။

"နင် လူတစ်ယောက်ကို ပဝါနီ ပေးလိုက်တယ်ဆို"

"ဟုတ်တယ်လေ"

လီဆူရှင်း ပို၍ ဒေါသကြီးလာသည်။

"ပြောစမ်း သူ့နာမည် ဘယ်သူလဲ"



"သူ့နာမည်က လူချင်းထနီတဲ့၊ အညတရ သိုင်းသမား တစ်ယောက်ပါပဲ၊ နာမည် မကြီးပါဘူး"

"နင်နဲ့သူနဲ့ ဘယ်လောက်များ ရင်းနှီးလို့လဲ"

"မရှိဘူး၊ သိဖူးရုံတင်သိတာပါ"

လီဆူရှင်းမှာ ဦးနှောက်ခြောက်သွားသည်။

သိရုံတင်သိသော သိုင်းသမားကို ပဝါနီ လက်ဆောင် ပေးသည်တဲ့။

ကဲ… တောင်းရောခေါ့။

ဖင်းယု ပြောဆိုနေသည့်ဟန်ပန်မှာ မည်သည့်အရာကိုမျှ လေးစားဟန် မရှိချေ။

"ဒါနဲ့များ… ဘာဖြစ်လို့များ ပဝါနီ လက်ဆောင်ပေးရတာလဲ ဖင်းယုရယ်"

"နင်မသိပါဘူး လီဆူရှင်းရယ်"

"ငါဘာကို မသိရမှာလဲဟာ၊ နင်ပဝါနီ လက်ဆောင်ပေးတာကိုတော့ ငါသိတယ်"

"နင်မသိပါဘူး လီဆူရှင်း၊ ပရိယာယ် မာယာ ဆိုတာကို အားနည်းသူတွေအတွက် ဖောက်နက်ပါ၊ လူသိုင်းပညာ ရှင့်တာကို ငါမြင်ခဲ့ပြီးပါပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်…သူ့သိုင်းဆေးကျင့်ဘာကို နင်တွေ့ကြည့်သလား ဟင်"

"ဟုတ်တယ်၊ ကြည့်ပြီးပြီ၊ သူ့လက်သီးကွင်းကြတာ သိပ် ပြင်းထန်တယ်၊ ဝါးပင်တွေ ပုံဖြောင်းဖြောင်း ကွဲသွား တယ်၊ သူ့ခြေထောက်တွေဖုံလည်း သူ့လက်သီးထိုးမှ ဝါး ပင်တွေ တဖြောင်းဖြောင်းကွဲတယ်"

"သူ့လက်သီးက ဘယ်လို လက်သီးလဲ"

"ငါတော့ သေသေချာချာ မသိပါဘူး၊ ဒါပေမယ့် မိုးပြို လက်သီးဆိုလား ဘာလားပဲ"

လီဆူရှင်း မျက်နှာပျက်သွား၏။

မိုးပြို လက်သီး အကြောင်း ကြားဖူး ထားသည်။ ဤပြိုင်ပွဲ၌ တွေ့ရလိမ့်မည်ဟု သူမထင်မိချေ။

မိုးပြိုလက်သီး သိုင်းကွက် အမှန်ဖြစ်လျှင် သူ့ အောင်မြင် ရေးမှာ မရေရာတော့ပေ။

သူ့ ဖခင်မှာ အရှေ့ကျွန်းသခင်ကြီး လီယင်ကူဝင် ဖြစ် သည်။

ထိုသည့် ဖခင်ကြီး၏ အမွေအနှစ်ကို ကောင်းစွာ ရရှိ ထားသူဖြစ်၍ သိုင်းလောက၌ သူ့ပင် တစ်ခွင်ခေါ်ပင်လိမ့်မည် ဟု ထောင်လွှားခဲ့သည်။



လီဆူရှင်းက…

"သူ့ဆရာက ဘယ်သူလဲ"

"ငါဘယ်သိပါ့မလဲ၊ ငါနဲ့အတူနေတဲ့က ရင်းနှီးတာမှ မဟုတ် တာဘဲ"

"ငါက ဒီပြိုင်ပွဲမှာ အနိုင်ရလိမ့်မယ်လို့ တွက်ထား တာ"

လီဆူရှင်းကဲ့သို့ပင် ဖင်းယုသည်း ဤပြိုင်ပွဲကို အနိုင်ရွှေ ရမည်ဟူသော အသိဖြင့် လာရောက်ခြင်းဖြစ်သည်။

ဖင်းယု၏ဆရာမှာ ချန်လင်းတောက်ဖြစ်သည်။

တောဇော်ဖော်ဝါး ချန် လင်း တောက် ဆို လျှင် သိုင်း လောက၌ မသိသူအခါတော်ရှားပေသည်။

တောဇော်သက်ဝါး ချန်လင်းတောက်သည် ဖင်းယု အနိုင် ရလိမ့်မည်ဟု မှာပြောထား၏။

ဖင်းယုက လီဆူရှင်းကိုပြောသည်။

"ဆရာက ငါ့ကို အနိုင်ရလိမ့်မယ်လို့ ပြောထားတယ်၊ ဒီပြိုင်ပွဲကိုလဲ ဂရုစိုက်ရမယ်လို့ ပြောထားတယ်၊ အဲဒါဖြစ်ဖြစ်ချင်း ငါက သူ့ကို စိတ်ဝင်စားသွားအောင် ဝါနီလေး ပေးထားပြီးပြီ၊ ငါ့ရဲ့အား သူသိပ် စိတ်ဝင်စား နေလောက်ပြီ၊ ငါ့အပေါ် စွဲလမ်းစိတ်ကြောင့် သူ့အားနဲ့ ငါ့ကို ရှုံးသွားမှာ သေချာတယ်"

www.burmeseclassic.com

www.burmeseclassic.com



လီဆူရှင်း နားလည်သွားသည်။

ဖင်းယုသည် ထိုသိုင်းသမားတို့ စိတ်ဝင်စားရျှမဖျော်ဝေ။

ဖင်းယုသည် မာယာဗပရိယာယ်သုံး၍ ပေါ်နီဆိုဓေးခြင်းဖြစ်သည်။

သိုင်းပြိုင်ပွဲတွင် ဆွမအောင်နိုင်ရေးအတွက် အဆင့်တစ်ဆင့်အဖြစ် အသုံးချခြင်းသာတည်း။

"အေးလေ၊ နင်အနိုင်ရလိုတဲ့အတွက် ပရိယာယ်မာယာနဲ့ ပေါ်နီဓေးတာဆို ပြီးတာပေါ့"

"ဒါပေါ့ ငါလုပ်တဲ့အလုပ်တိုင်းဟာ အဓိပ္ပာယ်ရှိပါတယ်ဟာ"

လီဆူရှင်းသည်လည်း ထွက်သွားလေတော့၏။

ဖင်းယုသည် ပြုံးကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

★

အခန်း (၄)

ယှဉ်ပြိုင်သူများ

"ဗူ...."

သိုင်းပြိုင်ပွဲဆား ဝဓဓပြီး လူစရောက်ကြည့်ရှုသူများမှာ ငြိမ်သက် တိတ်ဆိတ်နေသည်။

ယခုအခါ ပြိုင်ပွဲမှာ ရက်အတန်ကြာသွားရပေပြီ။

ရှုံးသွားသူလည်း ရှုံးသွားခဲ့ပြီ၊ နိုင်သူလည်း နိုင်ခဲ့ပြီ။

သို့သော် သူရဲကောင်းဖြစ်ရန်မတော့ ပြိုင်ပွဲဆက်ရမပေဦးမည်။

ထို့ကြောင့် ပြိုင်ပွဲသို့ ဆက်ဆောက်ကျင်းပနေခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



လူအများသည် ပြိုင်ပွဲစင်မြင့်ဆီသို့ မျှော်ကြည့်နေကြသည်။

ယခုပြိုင်ပွဲတွေ့ကြံ့ဆည် လူနှစ်ယောက်မှာ သိုင်းလောက၌ အကျော်အကြား နာမည်ကြီးသည့် တောင်ကွဲလက်သီး သိုင်းဆရာကြီး ဆန္ဒရှိန်၏တပည့်ဖြစ်သူ ထန်ပေ့ချို့နှင့်မိုးပြို လက်သီးသိုင်းသမား ယူချင်းထန်တို့ပေတည်း။

မိုးပြိုလက်သီး သိုင်းဆရာလျို ယခင်အညတရ သိုင်းသမားတစ်ယောက်သာ ဖြစ်ခဲ့ကြသော်လည်း ပြီးခဲ့သည့်ပွဲများအရ နာမည်ကြီးသိုင်းသမားများ၏ တစ်ယောက်ပြီးတစ်ယောက် ပြိုင်ပွဲမှ အနိုင်ရခဲ့သူဖြစ်၍ ယခု လူအများ စိတ်ဝင်စားသူ ဖြစ်ခဲ့လေပြီ။

ခင်မြင့်မော်၌ တောင်ကွဲလက်သီး ထန်ပေ့ချို့နှင့်မိုးပြို လက်သီး ယူချင်းထန်သို့ တွေ့ကြလေပြီ။

စွမ်းရည်တူညီဟန်ရှိသော ဤအတွဲသည် ကြည့်ကောင်းမည့်ပုံရှိသည်။

"တော့"

"ကျား"

တောင်ကွဲလက်သီး သိုင်းဆရာသည် ဝက်ဝံကြီး တောင်ကွဲသို့ အကြမ်းပတမ်း ဝင်ရောက် တိုက်ခိုက်လေ၏။



သူ၏ တိုက်ခိုက်ပုံမှာ လျှင်မြန်လှသည်။ သူ့လက်သီးချက်သွားလျှင် မလွတ်။ တုံးခနဲ လဲကျသွားပေလိမ့်မည်။

တောင်ကွဲလက်သီးသည် မျက်နှာအမူအရာက ကြောက်ရာကောင်းသည်။ ခေါင်းတုံးပြောင်ကြီးဖြစ်ပြီး ယူချင်းထန်ကား ဦးခေါင်းတစ်လုံးခန့် ပိုမြင့်သဖြင့် ပို၍ ကြောက်စရာကောင်းသလို ဖြစ်နေသည်။

"အူး...အူး...အူး"

တိုက်ခိုက်သည့်အခါ ဆော်ဟစ်သည့် မာန်ဟွင်းသံသည် သောင်းကျန်းတစ်ကောင်၏ အသံနှင့်တူသည်။

"ဝူး..."

"ဝှစ်...ဝှစ်"

ထန်ပေ့ချို့လက်သီး သိုင်းကွက်မှာ ထူးခြားမှုရှိသည်။

သူ၏ ခန္ဓာကိုယ်က ကြီးထွားသလောက် သူ့တိုက်ကွက်များက ပေါ့ပါးမြန်ဆန်သည်။

ထို့ပြင် ထန်ပေ့ချို့သည် အကျွန်တစ်ရာ အခံနိုင်သည်။

ထိုအချက်များမှာ ပြိုင်ဘက်က သတိထားရမည့်အချက် ဖြစ်သည်။

"အူး...ဝူး...ဝူး"

သောင်းကျန်းအသံကဲ့သို့ အသံကြီးထွက်လာသည်။

www.burmeseclassic.com



ထုန်မေ့ချိုသည် ခပ်စိပ်စိပ်တိုက်ခိုက်လာလေ၏။

သို့သော် အတွင်းအားကို အဆင့်ကုန်သုံး၍ မတိုက်ခိုက်ပေ။

မိုးပြိုလက်သီး ယူချင်းထန်မှာ တစ်ချိန်လုံးလိုလို ရှောင်တိမ်းနေရသည်။ တုံ့အတွက် သူ ရှုက်ရှာသည်။

သိုင်းသမားတစ်ယောက် ရှုံးဖော်လျှင် စိတ်တိုလာလျှင် အမှားအယွင်းတစ်ခုခု ဖြစ်တတ်သည်ကို သိအပြင့် သူသည် ရှက်သည့်စိတ်ကို ဖျောက်ဖစ်နေရသည်။

သူသည် တုံ့ပြန် တိုက်ခိုက်နိုင်မည့် အခွင့်အရေးကို ချောင်းမြောင်းနေခဲ့သည်။

"ဝှီး…"

"ဝှစ်…ဝှစ်"

ထုန်မေ့ချို၏ စင်ဖော်သော လက်သီးကို အသာလေး ရှောင်လိုက်၏။

ဤလက်သီးမှာ တောင်ကွဲလက်သီးက ပိုင်ပြီအထင်နှင့် ထိုးသွင်းလိုက်သည့် လက်သီးသာ ဖြစ်လေ၏။

ယူချင်းထန်သည် ရှောင်တိမ်းပြီးနောက် တောင်ကွဲလက်သီးကို ရိုက်ထုတ်လိုက်သည်။

တောင်ကွဲလက်သီးမှာ ဒယီးဒယိုင် ဖြစ်သွားသည်။



ဧ တိုက်ကတည်းက သူကချည်း တိုက်ပစ်ဆင်နိုင်ပြီး တစ်ကြိမ်တစ်ခါမျှ အထိအခိုက် မခံဖူးသော တောင်ကွဲလက်သီးသည် ဒယီးဒယိုင်ဖြစ်သွားသောအခါ အနည်းငယ် ကွဲမြီး တိုသွားလေ၏။

ထိုအခါ ပွဲကြည့်ပရိသတ်တဖြည်း မြေခက်ပေးသည်။

"ဟေး…ချကွ ချ"

"တောင်ကွဲလက်သီး ပြန်ချ"

"အဲဒါ ခင်းကို အစခံတာကွ၊ လဲသွားအောင်ထိုးလိုက် တောင်ကွဲလက်သီး"

ပရိသတ်၏ အော်ဟစ်အားပေးသံကြောင့် ကြားလိုက်သောအခါ တောင်ကွဲလက်သီးသည် ယူချင်းထန်အား အလဲထိုးရန် ဟန်ပြင်လေတော့၏။

ဓွန်လက်သီးမှာ အံ့သြစရာ ကောင်းသည်။

ထူးလက်သီးကို အပျော့အမာ နှစ်မျိုးသုံး၍ရသည်။

တောင်ကွဲလက်သီးသည် ယက်သီးချက်များစွာ ခပ်စိပ်စိပ် ထိုး၍ တိုက်ခိုက်လေတော့၏။

ယူချင်းထန် လွတ်အောင် ရှောင်နိုင်သည်။

ထိုအခါ ထုန်မေ့ချို ပို၍စိတ်ဆိုးသွား၏။ သူသည် ယူချင်းထန်အား စူးစူးရဲရဲ ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



ယူချင်းထန်အား သတ်ဖြတ်လိုက်သည်။

ယူချင်းထန်ကလည်း တုန်မေ့ချိ၏ အကြည့်ကိုသိသည်။

တုန်မေ့ချိ၏ တိုက်ကွက်တို့ ရှောင်တိမ်းရန် ကြိုတင် စဉ်းစားထားသည်။

"ဝှီး...ဝှီး...ဝုမ်...ဝုစ်"

"ဝှီး...ဝှီး...ဝုခ်"

တုန်မေ့ချိ၏ လက်သီးသည် မုန်တိုင်းမှာ ဆက်တိုက် ကျရောက်လာ၏။

ကြည့်ရှုနေသူများ ပို၍ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

နှစ်ယောက်စလုံး တစ်ယောက်တစ်ပြန်စီ တိုက်ခိုက်ကြ၏။ ပွဲအာ ကြမ်းလာသည်။

နှစ်ယောက်၏ လက်သီးချက်တို့ တစ်ယောက်က အထိမခံရဲချေ။

ထိုယှဉ်ပွဲပြီးသွားမည်။ တုန်မေ့ချိက တိုက်စစ်သမား ဖြစ်နေ၏။

ယူချင်းထန်က ခံစစ်သမားသက်သက်ဖြစ်နေသည်။

သို့သော် တစ်ကွက်မှားခဲ့ချေကျားသည့် မုသို့၏ မြွား ဒဏ်ရာ ခံရနိုင်သည်။

ယခု တုန်မေ့ချိ တစ်ကွက်မှားသွားခဲ့ပြီ။



ယူချင်းထန်က လျှပ်တစ်ပြက် လက်သီးကို ပစ်လွှတ်လိုက်သည်။

"ဝုန်း"

တုန်မေ့ချိ လွင့်ထွက်သွား၏။ စင်ထဲမှာ ပြန်ကျလာသည်။

ပရိသတ်ထဲမှ အံ့ဩသံ တဝေါဝေါနှင့် ထွက်ပေါ်လာသည်။

တုန်မေ့ချိ၏ မျက်နှာမှာ သွေးရဲရဲသံရဲရဲဖြစ်သွားသည်။

ယူချင်းထန် အနိုင်ရခဲ့လေပြီ။

တုန်မေ့ချိ ပြန်မထနိုင်တော့ပေ။

ဖင်းယူမှာ ပြိုင်ပွဲကိုကြည့်ပြီး စိတ်ရှုပ်ထွေးသွား၏။ သူ့ကိုယ်သူ သံသယရှိသွား၏။

ယူချင်းထန်၏ တိုက်ကွက်များကို သူမ အနိုင်တိုက်နိုင်ပါမည်လော။

"မင်း သူ့ကို အနိုင်တိုက်မယ်လို့ ယုံကြည်ရဲ့လား"

တေဇောသက်ဝါးကြီးက မေးလိုက်ခြင်းဖြစ်သည်။

အမေးကို သူမ ချက်ချင်း အဖြေမပေးနိုင်ချေ။

အတန်ကြာမှ...

"သူ့ရဲ့ တိုက်ကွက်တွေအို ကျွန်မ မြင်ထားတာတော့ ဟုတ်တယ်၊ ဒါပေမယ်—"

"ဒါပေမယ့် ဘာဖြစ်သလဲ"

"အတွင်းအားမှာတော့ သူကသာတယ်လို့ ကျွန်မ ထင်တယ်"

ဆရာကြီးသည် သူ၏ မုတ်ဆိတ်ဖြူကြီးအိုတိုင်က ခေါင်းတညိတ်ညိတ် စဉ်းစားနေ၏။

သူသည် ယှဉ်ချင်းထိုး၏ မိုးပြိုလက်သီးအို ကာကွယ်နိုင်မည့် နည်းလမ်းတစ်ခုခုတော့ ရှိလိမ့်မည်ဟု တွေးဆသည်။

ထိုအကြောင်းအို ဖင်းယုအား ဖွင့်မပြောပေ။

"တေး...ပေး...ဗေး"

"ပြိုင်ပွဲစတော့—ပြိုင်ပွဲစ"

လက်နက်တိုက် သိုင်းပြိုင်ပွဲကား စနေလေပြီ။

ယခုတွေ့ဆုံသူနှစ်ဦးကား ငွေလှံကူမေးနှင့် ဓားဘီလူး တန်ပိုးတိုက်တို့နှစ်ဦး ဖြစ်သ၏။

ဓားဘီလူးတန်ပိုးတိုက်။

ဓားဘီလူး တန်ပိုးတိုက်သည် လူပုကလေး တစ်ယောက်သာ ဖြစ်လေ၏။



ဆွဲဆိုင်ထားသည့် ဓားအို ကြည့်ပေါ်း ကြောက်မက်ဖွယ်ကောင်းသည့် လက်နက်မဟုတ်ပါ။

တစ်တောင်သာသာရှိပြီး ဓားမျှာတောင်ချောင်းသာ ဖြစ်ပါလေ၏။

သို့သော် သည်ဓားအို တိုက်ရခက်သည်။ ဒေါ်လှံတို့ဖြင့် တိုက်သောအခါ အဝေးအဝေးချင်း တိုက်ရလျှင်တောင်သည့်။

ဓားမျှာနှင့် တိုက်ရသောအခါ ရည်မှန်းရာသို့ ခရောက်ဘဲ ရှိနေတတ်သည်။

ငွေလှံ ကူမေး။

သူသည် ဓားဘီလူးတန်ပိုးတိုက်နှင့် ဆန့်ကျင်ဘက်ဖြစ်၏။

သူသည် အရပ်ရှည်သူဖြစ်သည်။ တန်ပိုးတိုက်နှင့် ကူမေးသည် အပုနှင့်အရှည်ဖြစ်၏။

သို့သော် ကူမေးသည် စိတ်ထင်တိုင်း မတိုက်နိုင်ပေ။

ငွေလှံရှည်သည် ဓားမျှာအို မထိုးနိုင်ဘဲ ဖြစ်နေသည်။

ဤသို့သော် လှံရှည် ကူမေးသည် ဓားဘီလူး တန်ပိုးတိုက်အို ကြောက်လာလေ၏။

ထို့ကြောင့် ဆက်တိုက် မတိုက်ဘဲ ခုခံတုံ့ပြန်ရုံ တိုက်ခိုက်လေ၏။

www.burmeseclassic.com



ခေါ်းဘီလူး တန်ပိုးတိုက်ချိုလည်း အမြင်းအထန် ထိုက်သည်။

ထိုအခါ လုံရှည် ကူဖေးသည် အက်တန့်ရောင်စဉ် ခေါ်ဆိုင်းကို ထုတ်သုံးရလေသည်။

ခေါ်းဘီလူး တန်ပိုးတိုက်ကလည်း ခေါ်းဖွင့်စကြာ ခေါ်ဝက်ဝေါသိုင်းကွက်ကို သုံးလာသည်။

ခေါ်းကွက်မှာ အဆင့်မြင့် ခေါ်းဝိဇ္ဇာကြီးများ သုံးသည့် ခေါ်းကွက်ဖြစ်သည်။

တဖက်အတွင်း စန်းငါးမျိုး ကြွေကျလာသကဲ့သို့ ခေါ်းကို စကြာဝိုင်းသဖွယ် တိုက်ခိုက်ရသောခေါ်းကွက်ဖြစ်လေသည်။

အမှတ်တမဲ့ကြည့်လျှင် လူမမြင်ရပေ။ ခေါ်းစက်ဝိုင်းကြီးကိုသာ တွေ့ရသော သိုင်းကွက်ဖြစ်သည်။

"ကျား"

"ဟန်း ...ထန်း"

လုံရှည်ကိုင်သမား ကူဖေးသည် တစ်ဖက်သို့ ကျွမ်းပြန်ခုန်ထွက်သွားသည်။

ကြည့်ရှုနေသော သူများမှာ ရင်ဘတ်ထိတ်ထိတ် ဖြစ်လာသည်။



လုံရှည်ကိုင်သမားသည် ခေါ်းဘီလူးကို လျှော့တွက်၍မရသောကြောင်း တွေ့ရှိသွားလေ၏။

ခေါ်းဘီလူး၏ ခေါ်းပညာထက်မြက်ပုံကို သူဘာစိတ်စတစ်ဝ တွေ့ရှိနေပြီမဟုတ်ပါလား။

ခေါ်းဘီလူးသည် ခေါ်းမုန်တိုင်းခေါ်းကွက်ကို အသုံးပြုလာတော့၏။

"ဝှီး"

"ဝှစ်"

"ဒုတ်"

ခေါ်းဘီလူး၏ ခေါ်းရှေ့သည် လုံရှည်ကို ဖြတ်သွားလေ၏။

လုံပြတ်သွားသဖြင့် ငွေလုံကူဖေးမှာ တိုက်ရန်လက်နက်မဲ့သွားလေပြီ။

တစ်ချိန်တည်းမှာပင် ခေါ်းဘီလူး တန်ပိုးတိုက်၏ အကန်ခံလိုက်ရသော လုံရှည်ကိုင် ကူဖေးမှာ လေထဲလွင့်စဉ်သွားသည်။

"ဖြောင်း...ဖြောင်း...ဖြောင်း"

လက်ခုပ်သြဘာသံများ လျှံထွက်လာ၏။ ထိုပြိုင်ပွဲတွင် ခေါ်းဘီလူး တန်ပိုးတိုက်က ငွေလုံကူဖေးကို လှောင့်စွာ အနိုင်ယူသွားလေပြီ။

www.burmeseclassic.com

ပွဲကြည့်ပရိသတ်များမှာ ငွေလုံးကူဖေးတို့ ကြည့်မရတဲ့ ဖြစ်နေကြသည်။

ငွေလုံးကူဖေးသည် ပွဲမစမီက ဆောင့်ကြွားကြွား ရှိလှသည် မဟုတ်ပါလား။

ငွေလုံးကူဖေးသည် သူ့ကိုယ်သူ အထင်ကြီးထားသူဖြစ်ခဲ့သည်။ ယခုတော့ အရှုံးကို ရင်ဝယ်ပိုက်သွားခဲ့ပြီး ခေါင်းမဖော်နိုင်အောင် ဖြစ်သွားလေပြီ။

အရှုံးအနိုင်ကို အပြင်ပန်းကြည့်ရုံနှင့် ဆုံးဖြတ်၍မရနိုင်ကြောင်း ဤပွဲက သင်ခန်းစာပေးလေသည်။

ပွဲကြီးကြပ်သူများသည် ပွဲကိုရပ်လိုက်၏။

ပွဲကြည့်ပရိသတ်များသည် ပွဲစင်မြင့် အနီးမှ ဖယ်ခွာသွားကြလေတော့၏။

★

## အခန်း (၅)

### ဗေဇောလက်ဝှေ့ အရှုံးပွဲ

ဗေဇောလက်ဝှေ့ ဆရာကြီးသည် တပည့်မဖြစ်သူအား တွင်းအားတိုးတက်စေရန် စဉ်းစားပြီး ဆက်ပေါ်၏ အခရေးကြီးသည့် သွေးကြောနေရာများသို့ အပ်စိုက်ပေးနေသည်။

ခန္ဓာကိုယ်၌ နဂိုရှိနေသည့်အပူထက် နှစ်ဆလောက်မြင့်တက်ခြင်းတွင် ခံနိုင်စွမ်းရှိမှ အတွင်းအား ပိုမိုပြည့်ဝလာမည် ဖြစ်သည်။

တပည့်မဖြစ်သူ ဖင်းယုအား မီးတောင်ဖောင်းကြီးများ၌ လေ့ကျင့်ပေးခဲ့သည်မှာ အကြိမ်ပေါင်းများလှပေပြီ။

www.burmeseclassic.com

ထိုသို့ လေ့ကျင့်ပေးခဲ့ခြင်းကြောင့်ပင် သူမအပေါ် ယုံကြည်မှု အပြည့်အဝ ရှိခဲ့ခြင်းဖြစ်သည်။

မိန်းကလေးဖြစ်၍ ယောကျ်ားထက် စိတ်ဓာတ်ပျော့ညံ့ ဟု ထင်ရသော်လည်း တကယ်တမ်း လေ့ကျင့်ပေးခဲ့ အခါ ယောကျ်ားလေးတစ်ယောက်ကဲ့သို့ စိတ်ဓာတ် ကျောကြောင်း တွေ့ရှိခဲ့ရသည်။

သူမ၏ ခန္ဓာကိုယ်ထဲတွင် အပူဓာတ် ကိုနှိုးအောင် တေဇောလက်ဝါး ဆရာကြီးသည် စဉ်းစား ကြံဆောင်ခဲ့ပေသည်။

လေ့ကျင့်ခဲ့စဉ်က သူမအား အပူဓာတ် ကျွေးမွေးခဲ့သည်။

ခန္ဓာကိုယ်ထဲ၌ လုံလောက်သော အပူဓာတ် ရရှိသော အခါ ဓာတ်ငြိမ်းတိုက်ပြီး ရေချိုး ခိုင်းခဲ့သည်။

တေဇောလက်ဝါး အတွင်းအား ပြည့်ဝလာပြီဆိုလျှင် အခိုးအငွေ့များထွက်ပြီး ပူရှိန်းရှိန်း ထလာတတ်သည်။

တော်ရုံတန်ရုံသိုင်းသမားသည် အပူသိုင်းသမား တ ယောက်အား မည်သို့မျှ ဖမ်းချုပ်နိုင်ခြင်း မရှိချေ။

တေဇောလက်ဝါး သိုင်းဆရာကြီးသည် လက်ဖဝါး စိုက်ထားသော အပ်ကလေးများကို နုတ်ပေးလိုက်၏။

"ဒီနေ့တော့ လုံလောက်ပါပြီ"



ဖင်းယုသည် ကွပ်ပျစ်ပေါ် အိပ်နေရာမှ ထလိုက်၏။

သူမ၏ လက်ဖဝါး နှစ်ခုလုံး၊ ပူလောင်မှုကို ခံစားလိုက်ရသည်။

ဆရာကြီးက—

"ယူချင်းထန်ရဲ့ တိုက်ကွက်တွေကို ခင်းအားလုံး မှတ်မိပါတယ်နော်"

ဖင်းယု ခေါင်းညိတ်ပြလိုက်၏။

တေဇောလက်ဝါး ဆရာကြီးသည် စဉ်းစားလိုက်ပြီးနောက်—

"တပည့် ဒီသိုင်းသမားကို စိတ်ဝင်စားနေတယ်လို့ ကြားတယ်၊ ဟုတ်သလား"

"ရှင်..."

ဆရာကြီး၏ စကားကြောင့် ဖင်းယု အံ့ဩသွားရလေတော့သည်။

ဆရာကြီး မည်သူ့ထံမှသိသနည်း။

ဆရာကြီးသည် သည့်အသည့် အရာမျှ စေ့စပ်စုံစမ်းချေ၊ တွေ့သမျှ ကြုံသမျှအပေါ် မီးစဉ်ကြည့်တတ်သူသာ ဖြစ်၏။

ဆရာကြီးတို့ လီဆူရှင်းတစ်ယောက်သာ ဖြစ်နိုင်ပေသည်။

www.burmeseclassic.com



"မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်မ သူ့ကို သဘောကျ
တယ်ဆိုတာ မဟုတ်ပါဘူး ဆရာကြီး၊ ကျွန်မ ဒီပြိုင်ပွဲ
အနိုင်ယူချင်လွန်းလို့ မိန်းမမာယာအတိုင်း ချဉ်းကပ်မိ
ပါ ဆရာကြီး"

သူမက မလိမ်မညာဘဲ အမှန်အတိုင်းသာ ပြောပြလို
သည်။

ဆရာကြီးသည် သူမအား စူးစိုက်ကြည့်သည်။

"ဘယ်လိုပဲဖြစ်ဖြစ် သူဟာ မင်းနဲ့ယှဉ်မယ့်ရန်သူပဲ၊ သူ
အပေါ်မှာ ခံစားချက် ရှိနေတာနဲ့အမျှ မင်းရဲ့အတွင်းအား
တွေဟာ တာဘာစ်ခုမှ သုံးမရအောင် ဖြစ်သွားနိုင်တယ်
တစေ့ သိထားရမယ်"

ဆရာကြီးက ရှင်းရှင်းလင်းလင်း ပြောလေ၏။

ထို့နောက် အခန်းထဲမှ လှည့်ထွက်သွားတော့သည်။

ဖင်းယုသည် စိတ်မကောင်းဖြစ်လျက် ကျန်ရစ်ခဲ့လေ
ယူချင်းထန်အပေါ် တဖက်ပဲ့ စိတ်ဝင်စားမိ
လေး၊ သို့သော် သူမစိတ်ကို သူသိသည်။

ပြိုင်ပွဲ၌ မခံချင်သည့်စိတ်ဖြင့် လွဲလျှင် ဘာမျှမရှိ။

ယူချင်းထန်ကို အနိုင်ယူလိုသည့်စိတ်ဓာတ်သာ ရှိသည်



သူမ ယူချင်းထန်ကို အနိုင်ရမှ ဖြစ်တော့မည်။

ပြိုင်ပွဲနေ့သို့ ရောက်ရှိလာခဲ့ပြီ။

ဖင်းယု၏ စိတ်များ လှုပ်ရှားနေသည်။

မနေ့က ဆရာကြီး ပြောသွားသည့် စကားကြောင့် သူ၏
စိတ်များ ပြောင်းလဲသွားခဲ့ပြီလားမသိ။

သည်နေ့တွင် ဖင်းယု၏စိတ်များ လွန်စွာလှုပ်ရှားနေ၏။

တော်စေ့ လက်ခေါ့ ဖင်းယု

ထိုနာမည်ကို သိုင်းလောကတွင် ကျွန်ုပ်စေလိုသည်။

ထို့ကြောင့် သူမ အပြင်းထန်ဆုံး လေ့ကျင့်ခဲ့သည်။

အပွဲပွဲ၌ သူသာ အနိုင်ရခဲ့သည့် ယှဉ်ပြိုင်ပွဲများ၌ ဖင်း
ယု၏ တိုက်ကွက်များ ကြမ်းလွန်းလှသဖြင့် မိန်းမတစ်ယောက်၏
တိုက်ကွက်မဟုတ်ပါလားဟု အထင်မှားခဲ့ကြသေးသည်။

ယခု ယူချင်းထန်နှင့်တွေ့မည်။ ယှဉ်ပြိုင်မည်ဆိုသော
ခါမှ အသည်းနှလုံးများ တုန်လှုပ်နေသည်။

ဤသည်မှာ မကောင်းချေ။ သူမ နှစ်ပေါင်းများစွာ
လေ့ကျင့်လာခဲ့သော အတွင်းအားများကို ထုတ်ရှိရတဲ
သွားမပေါ်မည်။

www.burmeseclassic.com



အတွင်းအား ထုတ်ရလျှင် သူမရှုံးပြီပေါ့။ ထို့ကြောင့် သူမသည် သူမ၏ စိတ်လှုပ်ရှားမှုကို တည်ငြိမ်ရန် ကြိုးစား[...] နေရသည်။

"ဟူး—"

မောင်းထု၍ ခေါ်နေစဉ်ပြီး

အရှေ့ဘက်မှ စင်မြင့်ထက်သို့ တက်လာစဉ်သော ယူချင်း ထန်ကို တွေ့ရသည်။

သူ ဝတ်ဆင်ထားသည်မှာ အခြားသူများကဲ့သို့ ပိုး[...] တတ္တိပါမျိုးကို ဝတ်ဆင်ထားသူမဟုတ်ပေ။

ဖျင်ကြမ်းအပြာရောင်ရှိသော ဝတ်ဆင်ထားပါသည်။

"ဟင်—"

ဖင်းယု ထူပူသွား၏။ သူမ၏ ပဝါနီလေးကို ယူချင်း ထန်၏ လက်မောင်း၌ စတ်ထားသည်ကို တွေ့မိသောကြော[...] တည်း။

သန့်ရှင်းသပ်ရပ်သော ယူချင်းထန်သည် အမျိုး၏အ[...] ရှင် မင်းသားတစ်ပါးနှယ်ဖြစ်နေ၏။

တစ်ရောက်ယှဉ်ပြိုင်သူအားလုံး ပိုးဖဲတတ္တိပါချည်း [...] ထားသဖြင့် ဖျင်ကြမ်းဝတ်စုံဝတ်ထားသော ယူချင်းထန်[...] အမြင်ဆန်းနေသည်။



စင်မြင့်ပေါ်တွင် ယူချင်းထန်နှင့် ဖင်းယုတို့ ရင်ဆိုင်တွေ့ ကြလေသည်။

[ယူ]ချင်းထန်က ပြုံး၍ကြည့်နေ၏။

"ကဲ—ပြိုင်ပွဲစမယ်"

အကဲဖြတ်တစ်ဦးက အော်လေ၏။

"ဟူး—"

ပြိုင်ပွဲစလေပြီ။

ယူချင်းထန်နှင့် ဖင်းယုသည် အမြင့်၌ မည်မျှ မိတ်ဆွေ [...]ား ဖြစ်နေပါစေ စင်မြင့်ပေါ်၌မူ ပြိုင်ဘက်များ ဖြစ်သွား [...]ပြီ။

အမှန်တော့ ယူချင်းထန်နှင့် ဖင်းယုမှာ မိတ်ဆွေမျှသာ [မ]ဟုတ်ကြပေ။

ထို့ကြောင့် အပြင်းအထန် ယှဉ်ပြိုင် တိုက်ခိုက်ကြလေတော့ [သ]ည်။

"ကျား"

"ယား"

"ဝှီး"

"ဝှစ်"

www.burmeseclassic.com



"ဝှစ်"

ထူးချွင်းထန်၏ လက်သီးများသည် ခေါင်းသို့ထိုးမိသည်။

ဆက်သီး၏ ပြင်းထန် လျှင်မြန်လှသဖြင့် ယေတိုးသံမြည်နေ၏။

ဖင်းယုဆသည်။ လျှင်မြန်ဖျတ်လတ်စွာ ရှောင်တိမ်းနေ အသည်။

သူမသည် သူမ၏ ခေါက်ဝါး၏ အရမ်းရိုက်ချေ၏။

ပိုင်ကွင်းကို ဆွေးနေသည်။ အသိုင်းရိုက်ခွင့်ရလျှင် ပြီးသွားစေလိမ့်မည်။

သူ၏ ဆရာကြီးက ပြောခဲ့သည်ဟုတ်ပါသော။

စိတ်လှုပ်ရှားလိုက်လျှင် အတွင်းအားများ ထုတ်မရဘဲ ဖြစ်နေမည်ဟု ပြောခဲ့သည်ဟုတ်ပါသော။

ထို့ကြောင့် ဖင်းယုသည် တိုက်ပွဲသွင် အားရုံးပြုနေသည်။

သူ၏ စိတ်ကို လှုပ်ရှားပုံ့ လွင့်မခံပါချေ။

"ဘျွှံ"

ထူးချွင်းထန်၏ လက်သီးများသည် ဖင်းယု၏ ဦးခေါင်းနားမှ တဝိုးဝိုးဖြတ်သန်းသွား၏။



ပွတ်ဆဲဆဲသီကာ ဖြတ်သန်းသွားခြင်းသာဖြစ်၏။

ထူးချွင်းထန်၏ ခြေကန်ချက်များ ဝင်လာသောအခါ ဖင်းယုသည် တစ်ပတ်ကျွမ်းထိုး၍ ထွက်လာ၏။

ထူးချွင်းထန်သည် ဖင်းယုအား ချက်ချင်းလိုက်တိုက်သည်။

အခုအချိန်အထိ ဖင်းယုမှာ ရှောင်တိမ်းနေရဆဲ ဖြစ်သည်။

ဖင်းယုသည် တိုက်ရင်းနိုက်ရင်း မြေ့ပြုနေသည်။

ထိုအခါ အတွင်းအားများ ပြည့်ဝသလောက် ပြည့်လော သည်။

တစ်ဇော်သက်၏ ဆရာကြီးသည် ပြိုင်ပွဲဝင်မြင်ကွင်း အကဲခတ်ရင်း ယူတာသည့်၏ အခြေအနေ တိုးတက်မှုကို စောင့်ကြည့်နေသည်။

ယီဆူရှင်းသည် တိုက်ပွဲအခြေအနေ ကြည့်ပြီး ဖင်းယု နိုင်နိုင်သည်ဟု တွက်ဆနေသည်။

သူသည် ဖင်းယု၏ အစွမ်းကို ယုံနိုင်စွာ အံ့ဩနေ၏။

သက်နက်ဆိုင် ယှဉ်ပြိုင်ပွဲတွင် အနိုင်ရရှိသားဆူ တာ့ဘီသူ တန်ပိုးထိုက်သည်ဖြစ် နောင်လာလတ္တံ ဖင်းယု အား အနိုင်ရလိုစိတ်များ တဖွားဖွား ပေါ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်လင်ဂိုဏ်း၊ ဟွာဘန်ဂိုဏ်း၊ မြသယုံးအိမ်မီတိုင်ဂိုဏ်းနှင့် တိုင်မေအမည်ရှိသော ရဓသ ဂိုဏ်းတို့သည် တိုက်စစ်ဆင်နေခဲ့သော်လည်း ထိရောက်အောင် မတိုက်နိုင်သည့် ယွဲချင်းထန်၏ တိုက်ကွက်များကို အံ့သြနေကြသည်။

"ဝှိ"

"ဖြန်း"

"အား"

တေဇောလက်ဝါး ဖင်းယုသည် တိုက်ရင်းခိုက်ရင်း နှင့် ယွဲချင်းထန်၏ ညာလက်ခေါင်းကို တစ်ချက် ရိုက်မိလိုက်သည်။

မှန်လာဝ်သော အတွေ့အထိသည့် အသည်းနှလုံး ထိုင်ပုံ့နံ့ သွားပြီး စင်မြင့်ထောင့်သို့လွင့်စဉ်သွားလေ၏။

သို့သော်....

ယွဲချင်းထန် ထ,လာနိုင်သည်။

သူသည် သတိပိရိယ ကြီးသွားလေပြီ။

သူသည် မိုးပြိုလက်သီးကို စတင်အသုံးပြုရန် ဆုံးဖြတ်လိုက်တော့၏။

ဖင်းယုကို မိန်းကလေးဆိုပြီး အထင်သေး၍ မရကြောင်း ယွဲချင်းထန် တိုက်စဉ်ကတည်းက သိ၏။



ထို့ကြောင့်ဖြင့်.... သူသတို့ထား တိုက်ခဲ့သည် မဟုတ်ပေ လော။

သူတို့နှစ်ဦးသည် သဲကြီးမဲကြီး တိုက်ခိုက်နေကြသည်။

အနိုင်မခံ အရှုံးမပေး တိုက်ကြသော တိုက်ပွဲကြီး ဖြစ်၍ ကြည့်ရှုသူ များသည် သည်းထိတ်ရင်ဖို ဖြစ်နေ ကြရတော့ သည်။

မည်သူနိုင်မည်၊ မည်သူရှုံးမည်ကို မည်သူမျှ မခန့်မှန်းနိုင်တဲ့ ဖြစ်နေသည်။

"ဝှီး...."

"ဝှစ်...."

"ဝှစ်...."

သူတို့၏ လက်သီးများသည် လေထဲ၌ တဝှီးဝှီး မြည်နေသည်။

အတွင်းအား အပြည့်အဝထုတ်၍ တိုက်ခိုက် လာသော ယွဲချင်းထန်သည် တဖြည်းဖြည်း အသာစီးသို့ ရောက်လာ၏။

ဖင်းယုမှာ ခံစစ်သို့ ရောက်ရှိသွားသည်။

ယွဲချင်းထန်သည် သူ၏ မိုးပြိုလက်သီးသိုင်းကွက်ဟာတိယ အကွက်ကို ထုတ်သုံး လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျား..."

"မပြောင်း..."

"အဝို..."

ဖင်းယု၏ ညာဘက်ဖက်မှာ လှုပ်ရှား၍ မရတော့ပေ။

ယူ၍ မတိုက်နိုင်တော့ချေ။

ဖင်းယု ရှုံးသွားလေပြီ။

လူချင်းထန် အနိုင်ရသွားလေပြီ။

## အခန်း (၆)

### ဥာဏ်နီ ဥာဏ်နက်

လူချင်းထန်နှင့် ဖင်းယုတို့၏ ပြိုင်ပွဲကြီးတစ်ခု ပြီးစီးခဲ့လေပြီ။

အခြားသော ပြိုင်ပွဲကြီးများတော့ ကျန်သေး၏။

ဖင်းယုကား ထပ်မံ မပြိုင်ရတော့ချေ။

သူမသည် ပြိုင်ပွဲတွင် အရှုံးကြီး ရှုံးရသည့်အတွက် စိတ်ညစ်နေမိသည်။

သစ်ပင် တစ်ပင်အောက်တွင်ထိုင်ပြီး ငေးမောနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဖင်းယုရှိရာသို့ လီဆူရှင်း ရောက်လာသည်။

"ဖင်းယု"

ဖင်းယုသည် အဝေးသို့ ငေးမျှော်နေလေ၏။

"ဖင်းယု"

ဒုတိယအကြိမ်ခေါ်မှ ဖင်းယု လှည့်လာသည်။

"ဘာလဲ"

"စိတ်ဓာတ်မကျစေနဲ့ ဖင်းယုရယ်၊ ငါတစ်ယောက် ရှိပါသေးတယ်၊ မိုးပြိုအောက်သီးရွှီ ငါနိုင်အောင် တိုက်မယ်"

လီဆူရှင်းက ဖင်းယုအား နှစ်သိမ့်သည်။

"ငါ စိတ်ညစ်နေရတဲ့အထဲ နင်ဘာမှ လာပြော တာလဲဟင်"

"နင်စိတ်ညစ်မပြီးအောင် ငါ ပြောနေတာပါ၊ နင် ကြောင့် စိတ်ညစ်နေတယ်ဆိုတာ ငါသိပါတယ်ဟာ၊ ကြောင့် ငါအနိုင်တိုက်မယ်လို့ ပြောတာပေါ့"

"နင်က ဘယ်လို အနိုင်တိုက်နိုင်မှာလဲ၊ ငါတောင်အ မတိုက်နိုင်ဘဲနဲ့"

ဖင်းယုက မျက်နှာလွှဲ၍ ပြောလိုက်၏။



လီဆူရှင်းက ပြုံး၍—

"ငါမှာ သူ့ကိုနိုင်တဲ့ နည်းလမ်း ရှိပါတယ်၊ အဲဒီနည်းလမ်းကို အသုံးပြုပြီး ယူချင်းထန်းကို ရှုံးသွားအောင် လုပ်ပြမယ်"

ဖင်းယု စိတ်ဝင်စားသွားသည်။

"ဟင်—ဘယ်လိုနည်းလမ်းမျိုးလဲဟင်"

"ငါဒီအတိုင်းပြောပြလို့ ဘယ်ဖြစ်ပါ့မလဲဟင်၊ နင့်ကိုငါ ဘယ်လောက်ချစ်တယ်ဆိုတာ နင်အသိသားပဲ"

လီဆူရှင်းမှာ လိုရင်းကိုစွဲ၍ ပြောလိုက်သည်။

ဖင်းယုမှာ ယူချင်းထန်ကို ရှုံးလိုက်သဖြင့် ယူချင်းထန်ကို အမုန်းကြီး မုန်းသွားမိသည်။

ထိုအခါ လီဆူရှင်းအား မချစ်ရသော်လည်း လီဆူရှင်းဘက်ကို ပါရန် ယူချင်းထန်ကို မုန်းတီးသည့်စိတ်က တွန်းအားပေး နေလေ၏။

"နင် ဘာကိုဆိုလိုတာလဲ"

"နင်ပဲ ပြောခဲ့တာပါဟာ၊ နင့်ကိုငါ ဘယ်လောက်ချစ်လဲ လဲ၊ နင်က ငါ့ကို အဖြေ မပေးသေးတော့ ငါမှာ အကြီး အကျယ် ဒုက္ခရောက်နေရတယ်"

ဖင်းယုသည် နှုတ်ခမ်းကိုကိုက်၍ စဉ်းစားနေရှာလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ ငါကတိပေးမယ်၊ နင် ယူချင်းထန်ကိုနိုင်ရင် နင့်ကို လက်ထပ်ဖို့ စဉ်းစားမယ်"

လီဆူရှင်းသည် စိတ်ထွေနပ်သွားလေ၏။

"ဒီကိစ္စမှာ ငါတစ်ယောက်တည်း စွမ်းဆောင်လို့မရဘူး ဖင်းယု၊ နင်ပါကူညီမှ ဖြစ်မှာ"

"ဟင်... ငါက ဘယ်လိုကူညီရမှာလဲ"

"ဒီလိုလေ၊ ငါတို့မျိုးရိုးမှာ အလွန်ပြင်းထန်တဲ့ နဂါး အဆိပ်ဆိုတာရှိတယ်၊ အဲဒီ အဆိပ်မိပြီဆိုတာနဲ့ အတွင်းအင် တွေ ဆုတ်ယုတ်ပျက်စီးသွားတာပဲ၊ အဲဒီလူဟာ ဘယ် လိုမှ မဘိုက်နိုင်တော့ဘူး"

"သိပ်ကြောက်စရာ ကောင်းပါလား"

"ဟုတ်တယ်၊ နဂါးအဆိပ်ဘိုးရအောင် ကုနိုင်တဲ့ သဘော မထားဘဲ မပေါ်သေးဘူးလေ၊ နဂါးမိသားစုပိုင်ဆိုင်တဲ့ အဆိ ပြေဆေးတွက်မှ ပျောက်ကင်းနိုင်တယ်"

"အဲဒါ ငါ ဘယ်လိုလုပ်ရမှာလဲ"

"ငါ့ဆီက အဆိပ်ထိုးပြီး ယူချင်းထန်ကို သေစေအောင် ကြိုးစားရမယ်"၊

ဖင်းယု တုန်လှုပ်သွား၏။



သူ ယူချင်းထန်ကို မုန်းမိသည်မှာ မှန်၏။ သို့သော်... သည်လို အလုပ်မျိုးတော့ သူ မလုပ်ချင်ပေ။

သူမှာ တစ်ခါတွင် သည်လိုအလုပ်မျိုး၏ တစ်ကြိမ်တစ်ခါ မလုပ်ခဲ့ဖူး။

ထို ပြိုင်ပွဲတွင် တာဝန်ရှိသူများ သိရှိသွားလျှင် ယနေ့ထက်ခက်လိမ့်မည်။

"အို... ဒါတော့ ငါ မလုပ်ရဲဘူး"

"ဒါနဲ့များ နင်က ငါ့ကို မိုးပြိုလက်သီး ယူချင်းထန်ကို နိုင်ချင်ခဲ့သေးတယ်၊ နင်ပဲသူ့ကို မုန်းတယ်ဆို၊ ဒီပြိုင်ပွဲ ယူချင်းထန်သာ အနိုင်ရသွားရင် ငါတို့အားလုံး လူ ရယ်ရာ ဖြစ်ကုန်မှာပေါ့မယ်..."

"နင်တို့အဖေနဲ့ ငါတို့အဖေဟာ ရည်ရွယ်ချက်တူကြ တယ်၊ သူတို့ရဲ့ သမီးနဲ့သားကို ဒီပြိုင်ပွဲမှာ အနိုင်ရစေချင် ကြတယ်..."

"အခု ကြည့်စမ်း နင်ရှုံးသွားပြီ၊ နင်တို့အမျိုးအနွယ်တွေ ဘယ်လောက်သိက္ခာကျသွားသလဲ၊ အဲ ငါရှုံးပြီဆိုရင် ဘာမှ ပြောစရာမလိုတော့ပါဘူး"

လီဆူရှင်းက တဖြည်းဖြည်း ရှင်းပြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ပွဲတိုင်း၌ အနိုင်ယူမည်ဟူသော ဖင်းယုတစ်ယောက် ရှုံးနိမ့်သွားသောအခါ ခေါင်းမဖော်နိုင်ဘဲ ဖြစ်ခဲ့ရသည် မဟုတ်ပါလား။

ဖင်းယုသည် စဉ်းစားရင်းစဉ်းစားရင်း နာကြည်းစိတ် များ ကြီးထွားလာလေ၏။ မှန်သည်။

လူသည် လူချင်းထန်ကို မုန်းသည်။ ဖင်းယုသည် ခေါင်းငုံ့ရင်း စဉ်းစားနေလေသည်။

★

# အခန်း (၁၇)

လီဆူရှင်း။

လီဆူရှင်းမှာ အရှေ့ကျွန်းနဂါး မိသားစုမှ ပေါက်ဖွားလာသည့် နဂါးမျိုးဆက်တစ်ဦးဖြစ်၏။

ထို့ကြောင့် နဂါးတို့ တတ်အပ်သော သိုင်းပညာများကို တတ်မြောက်ခဲ့လေသည်။

မိုးနဂါး၊ မြေနဂါး၊ သိုင်းကွက်ပေါင်း တစ်ရာကျော် တတ်မြောက်ထားသော သိုင်းသမားတစ်ယောက် ဖြစ်ခဲ့သည်။

သူ၏ ဖခင်ကား အရှေ့ကျွန်းသခင်ကြီး တည်း။

လီဆူရှင်းကား သာမန်သိုင်းသမားမဟုတ်ပါ။

www.burmeseclassic.com

အရှေ့တွန်းမှ အားထားနေသေး ဆိုင်းသခါးဆရာ ဖြစ်ပါသည်။

လီဆူရှင်းသည် ငက်နက်မဲ့ သိုင်းအရေး၌ ချုံကင်းနယ် တစ်ခွင်လုံး ယှဉ်ပြိုင်နိုင်သူမရှိဟု ယူဆထား၏။

သို့သော် မိုးပြိုလက်သီး ထိုင်းကွက်များ၏ မြင်သော အခါ၌မူ စုံ့ယူဆချက်များက ပြိုကွဲပျက်စီးသွားရတော့ သည်။

ယွချင်းထန်အား သူယှဉ်ပြိုင်နိုင်မည်ကတော့ စကြောင်း သိ ခွင့်ရခဲ့လေ၏။

မိုးပြိုလက်သီးသိုင်းကွက်တို့ သည်ပွဲခဉ်မှ သူ စတင်မြင်ဖူး ခြင်းဖြစ်သည်။

အင်မတန်ရှုပ်ထွေးသော သိုင်းကွက်ဖြစ်ကြောင်း သူ တွေ့ ရှိခဲ့ရသည်။

မိုးပြိုလက်သီး ယွချင်းထန်၏ ဆရာဖြစ်သူ မည်သူနည်း။ ယနေ့နယ်ကြီးတွင် မိုးပြိုလက်သီးသည် ဆရာရဲ့ ဖေစ်ထုတ် ပြောဆိုခြင်း မရှိခဲ့ချေ။

ထုတ်ဖော် ပြောဆိုခြင်းဖြင့် ယွချင်းထန်အား အပြစ်ပေး ရန်မရှိပေ။



အဘယ်ကြောင့်ဆိုသော် ဤပွဲခဉ်၌ မိမိ၏ ဆရာဖြစ်သူ အား ထုတ်ဖော် ပြောဆိုရမည်ဟူသည့် စည်းကမ်းချက် မရှိ သောကြောင့်တည်း။

ဤသည်မှာ အကြောင်းမဟုတ်ပါ။ သူ့ဆရာ မည်သူ ဖြစ်ဖြစ် အရေးမကြီးပါ။

အရေးကြီးသည့်အချက်မှာ ဖင်းယုအား အသုံးပြု၍ ယွချင်းထန်အား အနိုင်ရရှိရေးသာတည်း။

သို့မှသာ ဖင်းယု၏ လိုတာလည်းပြည့် သူ၏ လိုအင်ဆန္ဒ ပြည့်မည်မဟုတ်ပါသလား။

လီဆူရှင်းနှင့် ယွချင်းထန်တို့၏ ပွဲမစမီညတွင် လီဆူရှင်း တို့ အကြံအစည်ကို စဟာင့် အခကာင်အထည် ဖော်တော့၏။ ဖင်းယုသည် ယွချင်းထန်ကို ဖိတ်ခေါ်လေသည်။

ယွချင်းထန်သည် ဖိတ်ကြားချက်ကို လက်ခံလိုက်လေ သည်။

ယွချင်းထန်က...

"ကျွန်တော် ဖင်းယုရဲ့ စိတ်ဓာတ်ကို ချီးကျူးပါ တယ်၊ ရှုံးတဲ့လူတွေဟာ သူတို့ကိုနိုင်သွားတဲ့ လူတွေအပေါ် ခင်မင်စိတ် မထားနိုင်ကြဘူးခင်ဗျ"

ဖင်းယုသည် ဟန်ဆောင်ရယ်မောလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"ပြိုင်ပွဲဆိုတာ ဝင်ပြိုင်ကြတည်းက အနိုင်အရှုံးနှစ်ခု ရှိတာပဲ၊ ပြိုင်ပွဲဝင်လို့ရှုံးတိုင်း ရန်သူလိုသတ်မှတ်ရင် အား လုံး ရန်သူချည်းပဲ ဖြစ်ကုန်မှာပေါ့"

ယူချင်းထန်မှာ ဗြုံဖြုံထည်ဖြစ်သည်။

မည်သူ့ဖက်မှ သံသယမရှိချေ။ ယုံကြည် မရှိပေ။

ဖင်းယု၏ စကားကြောင့်လည်း စွဲယုံသည်။

"ဒါဆို ဒီနေ့ကစပြီး ခင်ဗျားနဲ့ကျုပ် မိတ်ဆွေတွေဖြစ်ပြီ ပေါ့နော်"

ယူချင်းထန်၏ ပြောစကားကို ဖင်းယု ကြားသောအခါ ပြုံး၍ ခေါင်းညိတ်လေ၏။

"ဒါပေါ့၊ ကျွန်မရဲ့ ညှော်ခံပွဲကို ရှင်ဆက်ဆက်လာခဲ့ရမယ် နော်"

ဖင်းယုသည် မျက်လုံးတလေး ထောင့်ကပ်တာ သေချာ အောင် ပြောလေ၏။

"လာမယ်— စိတ်ချ လာမယ်"

"ကျွန်မ သွားမယ်နော်"

"ဟုတ်ကဲ့—ဟုတ်ကဲ့"

ဖင်းယု ပြန်ထွားသောအခါ ယူချင်းထန်သည် ဖင်းယု ကို တမေ့တမော ငေးကြည့်နေသည်။



ယူချင်းထန် အလွန်စိတ်ချမ်းသာနေသည်။

သူ့ဘဝသည် ထာဝရရလို ခြောက်သွေ့လွန်းလှသည့် ဘဝ မဟုတ်ပါလော။

သူ့တွင် နှလုံးသားရှိပါသည်။ သို့သော် နှလုံးသားသည် ချမ်းမြေ့ခြင်းနှင့်မကြုံဆုံခဲ့ရချေ။

သူ့ဘဝ အတိတ်ဇာတ်ကြောင်းကို ပြန်လည် မတွေးလို၊ တွေးလိုသဖြင့် မတွေးဘဲ ဖစ်ထားခဲ့သည်။

သိုင်းပညာကိုသာ တစိုက်မတ်မတ် လေ့လာ လိုက်စား ခဲ့သည်။

သူ့ဘဝတစ်လျှောက်လုံးတွင် သိုင်းပညာရပ်မှ လွဲလျှင် အခြားမြတ်နိုးစရာ မရှိဟု ယုံကြည်ခဲ့သည်။

ယခုတော့ သူ့ဘဝထဲ ဖင်းယုတစ်ယောက်ကား မမျှော် လင့်ဘဲ ရောက်လာခဲ့ချေပြီ။

သူသည် ပထမ အစတော့ ဖင်းယုကို စိတ်မဝင်စားခဲ့ချေ။

နောက်တော့ တဖြည်းဖြည်း စိတ်ဝင်စားလာ၏။

သူ အကြီးအကျယ် စိတ်ဝင်စားမိသောအခါ ဖင်းယုနှင့် သူသည် ပြိုင်ဘက်နှစ်ဦး ဖြစ်နေကြောင်း တွေ့ရတော့သည်။

သူ အနိုင်ရခဲ့သည်။ သို့သော် ဖင်းယုက သူ့အား စိတ် ဆိုး၊ မိတ်ဆွေတစ်ယောက်အဖြစ် ဆက်ဆံသည်။

www.burmeseclassic.com

www.burmeseclassic.com



သည့်အတွက် သူ ဝမ်းသာလှသည်။ သူသည် ဖင်းယု ဖိတ်ကြားချက်ကို လက်ခံလိုက်သည်။

သူ ချစ်နေခဲ့ကြောင်း ဖင်းယု ရိပ်မိသွားလျှင် ပေါ်ပေါ် ကာစအားသည် ချစ်ဆက်ကတအဖြစ် ကျန်ရစ်ပေတော့မည်။

လမင်းရောင်သည် သူထိုင်နေသော ကွပ်ပျစ်တစ်ဖျားစပေါ်သို့ တဖွဲ့ဖွဲ့ကျလာတော့သည်။

အေးမြသော ငွေလရောင်ကို သူကြုံဖူးခဲ့ပါသည်။

ငွေလရောင်အို သူ စိတ်မဝင်စားခဲ့ချေ။

ယခုတော့ အချစ်စိတ်ဖြင့် ကြည်နူးနေသော သူချင်း ထွန်းသည့် ငွေလရောင်၏ အထိအတွေ့၌ စိတ်ဝင်စားနေ၏။

ရင်မှာနှိုးထိမ်းမှုးနေ၏။

နက်ဖြန်ဆိုလျှင် ဖင်းယု ဖိတ်ကြားထားသည့် နေရာသို့ အရောက်သွားရပေတော့မည်။

ထိုနေရာမှ ရရှိသည့်ချမ်းမြေ့မှုသည် နောက်တစ်နေ့ ပြိုင်ပွဲအတွက် အားအင်တစ်ရပ် ဖြစ်စေမည် မတွက်မိပါသေး။

★

## အခန်း (၈)

ဖင်းယုမှာ တွေဝေစဉ်းစားနေမိ၏။ သူသည် လီဆူရှင်း၏ အောင်ပွဲအတွက် ယူချင်းထန်နို့ကို လုပ်ကြံပေးရမည်တဲ့။

နဂါးအဆိပ်ကို ယူချင်းထန် သောက်နိုင်အောင် ပြုလုပ်နိုင်မည်ဆိုလျှင် ယူချင်းထန်၏ အတွင်းအားများ ဆုတ်ယုတ်ပျက်စီးသွားမည် ဖြစ်၏။

သူမသည် နဂါးအဆိပ်ဆေးလုံးသုံးလုံးကို ကြည့်လိုက်သည်။

ထိုဆေးလုံးသုံးလုံးကို ချေ၍ ဆေးမှုန့်တစ်ခုအဖြစ် သိမ်းပြီးနောက် ဆေးမှုန့်ကို အရက်နှင့်စိမ်ထိုက်လျှင် ယူချင်းထန်တစ်ယောက် လုံးဝ သိတော့မည် မဟုတ်ချေ။

ထိုအချိန် အပြင်မှ တစ်ယောက်တော ခေါ်လိုက်၏။

www.burmeseclassic.com



"ဖင်းယု ဧည့်သည်က အချိန်တိကျသားပဲ"

ဖင်းယုသည် ဝင်လာသော ယုချင်းထန်ကို ကြည့်လိုက်၏။

တစ်ဖက်ကလည်း ဆေးမြစ်ဖွဲ့ အရက်အိုးထဲကို ထည့်လိုက်သည်။

ယုချင်းထန်က ပြုံး၍ ပြောသည်။

"ကျုပ် ညစာတည်းက အိပ်လို့ မပျော်ဘူးဗျာ"

"ကြောင့်...လောက်လား"

ဖင်းယုက လှောင်ပြုံးပြုံးလိုက်၏။

ယုချင်းထန်က ရှက်သွားမိသည်။

"ကဲ...လာပါ ဆရာ၊ အထဲကြွဝင်ပါ"

ဖင်းယုက ထမင်းစားခန်းထဲသို့ ဖိတ်ခေါ်လိုက်လေတော့သည်။

ထမင်းစားခန်းထဲရှိ ခုံများပေါ်၌ ဖွယ်ဖွယ်ရာရာ များပြင်ဆင်ထားကြောင်း တွေ့ရှိသောအခါ ယုချင်းထန်သည် သူ့အပေါ်ကို ဂရုတစိုက်ရှိလှသည်ဟု တွေးပြီး ကျေနပ်မိလေ၏။

"ဟင်းတွေစုံလှချည်လား"



"ဟုတ်တယ်၊ မိုးပြိုလက်သီးသိုင်းသမားကို ဂုဏ်ပြုရတာ အားရနိုင်သေးပါဘူး၊ နောက်မှ ဒီထက် ကြီးကြီးကျယ်ကျယ် ဂုဏ်ပြုရဦးမယ်"

"အို...မဟုတ်တာ"

"ဟုတ်ပါတယ်၊ ဒီသိုင်းပွဲစဉ်မှာ မိုးပြိုလက်သီး ဆိုတာ ဟိုးဟိုးကျော်နေတာပဲ၊ ဒီလိုဂုဏ်ပြုပွဲနဲ့ ဘယ်တင်းတိမ်ရောင့်ရဲလို့ ဖြစ်မှာလဲ"

"အိုဗျာ၊ အပိုအလုပ်တွေ လုပ်မနေပါနဲ့"

ထမင်းဝိုင်းတွင် မျက်နှာချင်းဆိုင် ထိုင်လိုက်ကြ၏။

ဖင်းယုက အသားများ ခပ်ထည့်ပေးသည်။

ယုချင်းထန်က တူကို ကောက်ကိုင်၍စားသောက်လေ၏။

ဖင်းယုသည် အရက်အိုးကို လှမ်းယူ၍ အရက်ခွက်ထဲသို့ လှမ်းထည့်ပေးလေ၏။

"ရော့...အရက်သောက်ပါဦး"

ယုချင်းထန်က လက်ကာပြလေ၏။

"ဟင့်အင်း...ကျုပ် အရက်မသောက်တတ်ပါဘူးဗျာ"

ဖင်းယုမှာ မျက်နှာပျက်သွား၏။

သို့သော်...ချက်ချင်း ကြနန်ဆောင်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆေးအရက်ပါရှင်၊ သမင်းစားကောင်းမောင်း တစ်ခွက်တလေတော့ သောက်ပါ"

ဖင်းယုက အရက်ဖို့ လှမ်းမေးရင်း ပြောလေ၏။

"ဒါဖြင့် ပေးဗျာ"

ထိုအချိန်က ကရော့တ်ပြည်တစ်ခွက်လုံးလိုလိုအရက်ထောက်ကြ၏။

မသောက်သော ယောက်ျား များမှာ အနည်းအကျဉ်းသာ၏။

ထို့ကြောင့် လှချင်းထန်သည် သူ့ကို ယောကျ်ားမပီသဟု ထင်မည် စိုးသောကြောင့် ဖင်းယုပေးသော အရက်ခွက်ကို လှမ်းယူ၍ သောက်ချလိုက်လေ၏။

လှချင်းထန်သည် အရက်ကိုတစ်ကြိမ်တစ်ခါမျှ မသောက်ဖူး၊ သဖြင့် လည်ချောင်းထဲသို့ မီးစကြီးတိုးသို့ကဲ့သို့ ပူခံစားလိုက်ရသည်။

တစ်ကိုယ်လုံးရှိသွေးများ တရှိန်းရှိန်းတာလာသည်။

"ဘာဖြစ်တာလဲဟင်"

လှချင်းထန်၏မျက်နှာကိုကြည့်ပြီး ဖင်းယုလန့်သွားလေ၏။ အလိုလိုက မသွားဖန်နေသောဖင်းယုမှာ သူ့ကိုယ်သူလိပ်ပြာမလုံပေ။



"မသိဘူးဗျ၊ ကျွန်တော်တစ်ခါမှ အရက်မသောက်ဖူးတော့ ရင်ထဲမှာ တစ်မျိုးကြီးဖြစ်နေတယ်၊ အဆိပ် ခတ်ထားလို့ဖြစ်ရသလိုပဲ၊ ချောပ်တယ်လို့ဖြစ်ဆဲ မပြောတတ်ဘူးဗျာ"

ဖင်းယုမှာ ဇာနတက် မထိုင်တတ်ဖြစ်နေသည်။

လှချင်းထန်၏ ရင်ထဲ၌ ရှိမဝမေဝဖြစ်နေသည်။

အရက်ကြောင့်ဖြစ်သည်တွင် ထင်သဖြင့် လှချင်းတန်သည် တမူ မပြောမဟုတ်ပေ။

ဖင်းယုသည် လှချင်းထန်ကိုကြည့်ပြီး သနား လာသည်။

နဂါးအဆိပ်ထည့်ထားသော အရက်အိုးဖို့ လှချင်းချင် စိတ် ပေါ်လာသည်။

တိယန်စင်းမှာ သိုင်းပညာတွင် အဆင့်အမြင့်ဆုံး ပေါက်ရောက်နေသူ ဖြစ်၏။ သူသင်ကြားပေးသော အဆင့်တိုင်းကို အဆင့်မြင့်မြင့် သင်ယူနိုင်သည့် ယွန်းချင်းထန်အား တိယန်စင်းက လှိုက်လှဲစွာ အားရကျေနပ်သည်။

သိုင်းပညာခေတ် ... ထမ်းနှီး ... နေ ကောင်းလေသည်။

... တိုင်း ... သူ ... က သတိ ... နေရသည်။ အသ ... ထဲ၌ ... ကိုပ



ညွှန့်စွာ ထူးဆန်းလေသည်။ ပေပွသည့်ရှုံကိုက်သည်။ အသွ ... ထဲ၌ အမြဲတမ်း လေတိုက်နေတတ်သည်။ ထိုတောအား ရှုမြိုးကြနေသူများမှာ ... ကင်းရှင်းနေသလို ဖြစ်နေသေးသည်။

ယွန်းချင်းထန်သည် သိုင်းပညာ ဆက်သင်နေ ... ကျင့်နေ၏။ သစ်ရွက်များသည် သူ၏ခြေကြားမှ အပေါ်သို့ လွင့်ပျံသွက်နေ၏။

"ဝှစ် ... ဝှစ်"

"ဝှီး ... ဝှီး"

ယွန်းချင်းထန်သည် မိုးမြို့ကောက်သီးသိုင်းကွက်ကို လေ့ကျင့်နေ၏။ မိုးမြို့ကောက်သီးသိုင်းကွက်သည် ခြေကို အခြေစိုက်၍ တိုက်ခိုက်ရသည့်သိုင်းကွက်ဖြစ်သည်။ ထို့ကြောင့် ကိုယ်ဖော့ပညာနှင့် ဆန့်ကျင်ဘက် ဖြစ်နေသည်။ သူသည် ကိုယ်ဖော့ပညာရပ်ကိုလည်း စိတ်ဝင်စားသည်။

"ယွန်းချင်းထန်"

တိယန်စင်း၏အသံ ပေါ်လာသည်။

တိယန်စင်းသည် ယွန်းချင်းထန်ကို စောင့်ကြည့်နေ၏။ ယွန်းချင်းထန်သည် တိယန်စင်းထံ ... ... လျှောက်သွားမိသည်။ ... ကိစ္စ ... ကို ယွန်းချင်းထန် သိချင်သည်။

"... အရေးကြီးတဲ့ကိစ္စရှိပါသလဲ ဆရာကြီးခင်ဗျာ"

"... အရေးကြီးတဲ့ကိစ္စမရှိပါဘူး၊ ဒါပေမယ့် မင်းအတွက် ... စကားတစ်ခွန်းပြောစရာရှိနေတယ်"

www.burmeseclassic.com



"ဗျာ–ဝမ်းသာစရာ…ဟုတ်လားဆရာကြီး"

တိယန်စင်းက ခေါင်းညိတ်ပြလေသည်။ ယူချင်းထန်သည် ဝမ်းသာစရာသတင်းကို စဉ်းစားနေ၏။

"မင်း သိုင်းပြိုင်ပွဲ မဝင်ချင်ဘူးလား"

တိယန်စင်း၏ စကားကို ကြားလိုက်ရသောအခါ ယူချင်းထန် အံ့သြသွားလေ၏။

သူသည် သူ့ဘဝ၏ ဤ အသူရာချောက်ထဲ၌ ကုန်ဆုံးသွားလိမ့်မည်ဟု မှတ်ယူထားသည်။

ယခု သူတတ်မြောက်ထားသည့် ပညာများကို လူထု အလယ်၌ ထုတ်ဖော်ပြသခွင့် ရလိမ့်မည်ဟု သူယူဆထား သည်။ အဘယ်ကြောင့် ဤသို့ ယူဆပါသနည်း။

ဇာတ်မြှုပ်ထားသည့်ဂိုဏ်းချုပ်ကြီး တိယန်စင်း၏တပ[illegible] ငဲ့ညှာစရာနေရာအဖြင့် သူ့သိုင်းပညာကို ထုတ်ဖော်မှုရတော့[illegible] မှာ သူ ယူဆခဲ့ပါသည်။

"ငါ စိတ်လျှော့လိုက်ပြီလူကလေး၊ ငါတတ်ထားတဲ့ မိုး ဖြိုလက်သီး သိုင်းကွက်တွေ မင်းကို အမွေပေးလိုက်ပြီ"

"ဟုတ်ကဲ့…ဆရာကြီး"

"ဒီသိုင်းပညာအမွေတွေ မင်းစိတ်ကြိုက် အသုံးချနိုင် တယ်"

"ဟုတ်ကဲ့…ဆရာကြီး"

"ဒါကြောင့် ချုံထင်းနယ်မှာ ကျင်းပမယ့် လေးနှစ် တစ် ကြိမ် ပြုလုပ်မယ့် သိုင်းပြိုင်ပွဲမှာ မင်း ဝင်ပြိုင်ရလိမ့်မယ်"



တိယန်စင်းသည် စက္ကူချပ်တစ်ချပ်ကို သူ့အား ထိုးပေး လေသည်။

ထိုစက္ကူချပ်သည် လေထဲလွှင့်ပြီး အသူရာချောက်ထဲသို့ ကျလာခြင်းဖြစ်သည်။

ထိုစက္ကူချပ်တွင် ချုံထင်းနယ် သိုင်းပြိုင်ပွဲ ကြေညာချက် ပါဝင်ပါသည်။

"ငါဦးစားမယ်၊ မင်းဟာ လူငယ်ကလေး၊ ငါလိုအဘိုး အိုတစ်ယောက်အဖို့ ဒီချောက်ထဲမှာ အစဉ် ကုန်ဆုံးခဲ့ ရမယ်၊ မင်းကိုတော့ ငါလိုဘဝကို မကုန်ဆုံးစေချင်ဘူး၊ ကုန်ဆုံးစေရင်လဲ ငါဟာ မတရားဘူး၊ မိုးဖြိုလက်သီး ယူ ချင်းထန်ဆိုပြီး မင်းကျော်ကြားစေရမယ်"

ယူချင်းထန်မှာ မျက်ရည်များ ရစ်ဝဲလာရသည်။

ဆရာရဲ့စေတနာကို သိရှိရလေပြီ။ ဆရာအမော်များ [illegible]ား တပည့်များကို ကြီးမြင့်စေလိုသော ဆန္ဒသာရှိတတ် ကြသည်တကား။

"ဒါပေမယ့်…"

ဆရာစကားကြောင့် သူ တန့်သွားသည်။

"ဒါပေမယ့် မင်းရဲ့ အောင်မြင်ကျော်ကြားမှုနောက်ကွယ်[illegible] [illegible]ကြနေတဲ့ လူတစ်ဦးဟာ မင်းဆရာ ဘယ်သူလဲလို့ အတင်း ကျပ် မေးလိမ့်မယ်၊ အဲဒီအခါမှာ မင်းဟာ ငါရှိတဲ့နေရာ ကို လုံးဝ မပြောရဘူး၊ အဲဒါကို အတိကြပ်ကြပ်ထား"

မည်သည့်အတွက်ကြောင့် တားမြစ်သည်ကို ယူချင်းထန် [illegible]ပြီးလေပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့အမှာစကားသည် စမ်းနည်းခြွေကွဲဖို့ဖြစ် တော
နေ့ယေးတော့သည်။ ဤသား ယွန်ချင်းထန်၏ အတိတ်
ဖစတည်း။

❀ ❀ ❀

ယွန်ချင်းထန်သည် ဟူဘန်ဂိုဏ်းမှ ဘာဝနီရှိ ချားများ ဝိုး
ဝန်း မောမြွေးသည် မေးခွန်းတို့ မဖြေကြားနိုင်တော့ဘ
အလျှော့ကြ သူသည် ဟူဘာန်တောင်ပေါ်မှ ထွက်ပြေး
တော့သည်။

သူသည် မြေနထောက်မသန်မဆော ဒုက္ခတဖြစ်နေသည်
ရှန်အန်မြို့သို့ ပြန်ရန်ဆုံးဖြတ်လိုက်သည်။

သူသည် ရုပ်ရည်များလည်း ပြောင်းလဲခဲ့ပြီး လူ
လည်း ဒုက္ခပြစ်နေပြီ။

သူ့အား ယည်သူမျှ မှတ်မိတော့မည် သူ ရှန်အန်
လမ်းပေါ်သို့ ပြန်ရောက်ပေသောအခါ သူ့အား မည်သူ
မမှတ်မိကြတော့ချေ။

ယွန်ချင်းထန်သည် မြို့မှပျောက်သွားသည်မှာ ငယ်စဉ်
ဖြစ်သည်။

ထို့ကြောင့် သူ့ငယ်ရွင်ကို မည်သူမျှ မမှတ်မိနိုင်ကြ
ဖြစ်သည်။



သို့သော် ယွန်ချင်းထန်အား မှတ်မိသူ တစ်ယောက်ကား
ရှိနေပေ၏။

"ခင်း... ဟင်း ယွန်ချင်းထန်မဟုတ်လား"

ယွန်ချင်းထန် အံ့သြသွားရ၏။

သူတွေ့ရသည်မှာ ဝတ်ကောင်းစားလှဖြင့် အနယ
အလန့် ကားနေသည့်လူ ဖြစ်နေ၏။

လုံး မမှတ်မိပေ။ မည်သူဖြစ်နိုင်သည်ကို ယွန်ချင်း
ထန် စဉ်းစားနေ၏။

"ခင်ဗျား ဘယ်သူလဲ"

"ငါ ဘိန်းစား ဝမ်ထင်ဖုံးလေကွာ"

"ဟာ"

ယွန်ချင်းထန် အလွန်အံ့သြသွားမိ၏။

သည် အလွန်ဝမ်းသာသွားလေသည်။ သူငယ်စဉ်က ဝမ်
ထင်ဖုံးသည် ဘိန်းစားမျှသာဖြစ်၍ အဝတ်အစားလည်း စုတ်
နုပ်၊ ကျန်းမာရေးလည်း မကောင်းလှချေ။

ယခုတော့ အစစ်ပြောင်းလဲကြီး ပြောင်းလဲနေသည်။

ကိုယ်ရောင်ကိုယ်ဝါ တောက်ပနေသည်။ အဝတ်အစား
များက သစ်လွင်လှသည်။

ယွန်ချင်းထန်အနေဖြင့် မည်သို့မျှ မမှတ်မိနိုင်ပေ။

"ဝမ်ထင်ဖုံး... ခင်ဗျား အခြေအနေ ချောင်ချိနေတယ်
နော်"

"ဟုတ်တယ်၊ ခင်း၊ အံ့သြသွားလား"

"အံ့သြတယ်... သိပ်အံ့သြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ မင်း မရှိတော့တဲ့နောက် မင်းပြောတဲ့ စကားတွေ သတိရပြီး ငါ ဘိန်းဖြတ်လိုက်တာပဲ"

"ခင်ဗျား ဘိန်းဖြတ်နိုင်တာ အံ့ဩစရာပဲ"

"ငါ ဘိန်းဖြတ်လိုက်တော့ လူတွေရဲ့ ဆက်ဆံမှုဟာ ပြောင်းလဲသွားတယ်ကွ၊ ငါ့ကို ဘိန်းစားလို့ ခေါ်ကြမယ့် ပြောပုံဆိုပုံတွေ ပြောင်းလဲလာတယ်၊ လေးလေးစားစား ဆက်ဆံလာကြတယ်၊ လူ့ဖွဲ့လူလို ဆက်ဆံလာတယ်"

"သိပ်ကောင်းတာပေါ့ဗျာ၊ ခင်ဗျား ဘိန်းဖြတ်ရုံနဲ့တော့ ဒီထက် အခြေအနေ မကောင်းနိုင်ဘူး၊ ခင်ဗျား ဘာ ပွဲပေါ်က တိုးသွားသလဲဗျာ"

"ဘာမှ ပွဲပေါက်သေးဘူးကွ၊ သူဌေးတစ်ယောက်က ငါ့ကို အမှုသားအဖြစ်နဲ့ မွေးစားလိုက်တော့ ငါလဲ နတ်ရေကန်ထဲ နှစ်လိုက်သလို ဖြစ်သွားရတာပေါ့၊ ငါကလဲ ငါ့အပေါ်ရှိ တတ်နိုင်သလောက် ပြုစုပါတယ်ကွာ၊ တစ်ဦးကျေးဇူး တစ်ဦးမှာပေါ့"

ဝမ်လင်ဖုံး၏ သတင်းကတော့ ဝမ်းသာစရာသတင်းမျိုး ဖြစ်ပါသည်။

ယွန်ချင်းထန် သတင်းကတော့ စိတ်မကောင်းစရာသတင်း မျိုးသာ ဖြစ်ပါသည်။

"မင်း ဘယ်လိုဖြစ်လာတာလဲ ယွန်ချင်းထန်ရယ်၊ မင်းကို ငါ ပထမ မမှတ်မိဘူး၊ နောက်တော့မှ မှတ်မိသွားတာ၊ တေစ်တေစ် ကြည့်မှရတယ်"



"ဟုတ်တယ်ဗျာ၊ ကျွန်တော့် ခြေအာက်ရွှေ မသန့် တော့ဘူး၊ ပြောရရင်တော့ အရှည်ကြီးပါပဲဗျာ"

"မင်း အခု ဘယ်မှာတည်းသလဲ"

ယွန်ချင်းထန်သည် ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းပြလေ၏။

"မရှိပါဘူးဗျာ၊ တည်းခိုခန်းတစ်ခန်းမှာ တည်းရမှာပေါ့"

ဝမ်လင်ဖုံးက—

"ဒါဆိုရင် မင်း ငါနဲ့လိုက်တည်းပေါ့၊ မင်းကိုငါ တစ်သက်လုံး ကျွေးထားနိုင်တယ်ကွ"

"ကျေးဇူးပါပဲဗျာ၊ ကျွန်တော့် အတွက်တော့ ခင်ဗျားဟာ တကယ့် အားကိုးစရာပါပဲ၊ ခင်ဗျားကျေးဇူးကို ကျွန်တော် မမေ့ပါဘူးဗျာ"

"ဟာ—မသိစပါဘူး၊ မင်းနဲ့ ငါဟာ ငယ်ပေါင်းတော်ဖက် တွေပဲ"

အခု ယွန်ချင်းထန်တို့ ရပ်စကားပြောနေသည်မှာ အလွတ်ရပ်၍ ပြောနေခြင်းမဟုတ်ဘဲ ရထားလုံးကို ရပ်၍ စကား ပြောနေခြင်းဖြစ်သည်။

"ကဲ—ယွန်ချင်းထန်၊ ရထားပေါ်တက်ပေတော့၊ ငါ့အိမ်ကို သွားကြတာပေါ့"

ယွန်ချင်းထန်သည် မြင်းရထားပေါ်တက်လိုက်၏။

ဝမ်လင်ဖုံးက မြင်းရထား မောင်းသမားအား အိမ်သို့မောင်း ခိုင်းလိုက်သည်။

www.burmeseclassic.com



"တဲ—ရုသားကို အိမ်ကိုခေါ်ခဲ့ခဲ့"

မြင်းရထားသည် မြင်းဖိုး၏ ဂေဟာဆီသို့ ကရိုင်ရိုင် ပြေးလေတော့၏။

* * *

သို့မြင်းရထား၌ စောင့်ကြည့်နေသူတစ်ယောက် ရှိတော်သည်။

ထိုသူမှာ ဟူဘန့်ဂိုဏ်းမှ နောက်ယောင်ခံလိုက်သူတစ်ဦး သာ ဖြစ်သည်။

မြင်းရထား မြင်ကွင်းမှ ပျောက်ကွယ်သွားသည်နှင့် ထိုလူမှာ ဟူဘန့်ဂိုဏ်းဌာနချုပ်သို့ မြင်းတစ်စီးဖြင့် ပြေးလေတော့သည်။

ညနေချမ်းသို့ရောက်သောအခါ ဟူဘန့်ဌာနချုပ်သို့ မြင်းလည်း ရောက်ရှိလေသ၏။

ဟူဘန့်ဂိုဏ်းမှ တာဝန်ရှိသူများသည် စီးသန်းသိုင်းနေကြ၏။ ဂိုဏ်းချုပ်ကြီးသည် သူတို့၏ရှေ့၌ ထိုင်နေသည်။ တိုင်ဝေ ဂိုဏ်းချုပ်ကြီးလည်း ရှိသည်။

အထောက်တော်က အခြေအနေကို ရှင်းပြသည်။ ဂိုဏ်းချုပ်ကြီးက—

ဒီအတိုင်းဆိုရင် သူ့အကြောင်းကို ဧင်အေင်ဖိုး သိမှာပဲ



"ဟွတ်ပါတယ် ဂိုဏ်းချုပ်ကြီး၊ သူတို့နှစ်ယောက်ကို ကြည့်ရတာ နဂိုကတည်းက အတော် ရင်းရင်းနှီးနှီးရှိနေပုံပဲ"

ဂိုဏ်းချုပ်ကြီးက ခေါင်းညိတ်လိုက်၏။

"ယှူအုင်းထန့်ဟာ ငါတို့ရဲ့ရန်သူ မဖြစ်နိုင်ပါဘူး၊ ဒါပေမယ့် တစ်ခုတော့ အတော့ကို ထူးဆန်းနေတယ်၊ သူ့ဆရာ ဘယ်သူလဲဆိုတာကို ဘယ်သူမှ မသိဘူး"

"ဟုတ်ပါတယ် ဂိုဏ်းချုပ်ကြီး။ မိုးမြို့ဘက်သိုင်းကွက်ကို အောင်ကြားပေးတဲ့ ဆရာတစ်ယောက်တော့ ရှိကို ရှိရပါမယ်..."

"ဘာဖြစ်လို့လဲဆိုတော့ သိုင်းကွက်က အဆင့်မြင့်လွန်းလို့ပါ၊ သူ့တစ်ယောက်တည်း ဘယ်နည်းနဲ့မှ တီထွင်နိုင်မှာမဟုတ်ပါဘူး"

"ဟုတ်တယ်၊ ချိုကင်းပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်တဲ့လူတွေ အများကြီးရှိတယ်၊ သူတစ်ယောက်ပဲ သိုင်းပညာ အဆင့်မြင့်ဆုံးရှိတယ်"

"တိုင်ဝေဂိုဏ်းချုပ်ကြီး မဝေးခင်က သူ့ဆီကို ဖိတ်စာ တစ်စောင် ရောက်လာတယ်တဲ့၊ စာထဲမှာ ရေးထားပုံအရ မိုးမြို့ဘက်သိုင်းကွက်ကို ပြချင်လို့ တောင်မှာပါလို့ ဖိတ်ခေါ်သတဲ့"

"ဒီလိုဆိုရင် အဲဒီနှစ်ယောက်ထဲက တစ်ယောက်ယောက်ဟာ ဟူဘန့်ဂိုဏ်းချုပ်ကြီး တို့ယန်းစင်း ပျောက်တဲ့ ကြားထဲက တစ်ယောက်ယောက် ဖြစ်နိုင်တယ်လေ"

တိုင်ဝေဂိုဏ်းချုပ်က ဝင်ပြောဆိုလာ၏။

www.burmeseclassic.com



ဟူတန်ဂိုက်းချုပ်က—

"အဲဒီလိုတော့ မဖြစ်နိုင်ပါဘူး၊ အရုပ်အစမှာင်းထော ဝတ်စုံခဘွဝါ ဟူတန်ဂိုက်းချုပ်ကြီးဆိုတာ သေချာနေတာ ပဲ၊ ဒါ့ဖြစ်မယ့် စဉ်းစားစရာ တစ်ခုရှိတာက ဟူတန် ဂိုက်း ချုပ်ကြီးရဲ့မျက်နှာကို မှန်းထားတာပဲ၊ တကယ်ဆိုရင် ဘယ် သူ နိုင်နိုင် ဘယ်သူရှုံးရှုံး မျက်နှာကို ဖုက်စရာမလိုဘူး၊ ကြား ထဲက တစ်ယောက်ယောက် ဝင်လုပ်သွားတာလို့ ကျုပ်တို့ ယူဆခဲ့ပါတယ်"

ဂိုက်းချုပ်ကြီးသည် တိုင်မဂိုက်းချုပ်အိုကြည့်ပြီး—

"အင်း—ဒီကိစ္စကတော့ ဘုရားမှသိမယ့် ကိစ္စပါပဲ"

ဟူတန်ဂိုက်းချုပ်ကသည့် ဂိုက်းအချင်းချင်း မသင့်မတော်မှုဖြစ် မှုကိစ္စဖြစ်၍ ဆင်ခြင့်ရန်မရှာခင်မပြောလိုက်သည်။

သို့အမှန်တရားကို သိရှိသူမှာ ဂိုက်းချုပ်ကြီးတိအာန်ဝင်း နှင့် ယူချင်းထန်တို့ပင် ဖြစ်လေ၏။

☆

# အခန်း (၃၅)

ဆိုင်းလေး ထာရုန်သူ

အရှေ့ကျွန်းဆောင်ကြီး လီယင်ကူသည် အဆိပ်မြွေဆားနှင့် အတူ သမီးငယ်လီပိုး ပျောက်ဆုံးသွားသည့်အတွက် ဒေါသ ပုန် ထနေလေ၏။

ရွှေနဂါးလီဆူရှင်းသည် မြေအောက်ခန်း၌ လှေ့ကျင့်နေ ရာမှ နဂါးအဆိပ်မြွေဆား ပျောက်ဆုံးသွားပြီဆိုသောသတင်း ရရှိခဲ့သဖြင့် ခေါင်းနားပန်းကြီး၍ အမောဂါသပ်သို့ ထက်ဆော မဲ့ရလေ၏။

"ဖေဖေ—ဖေဖေ ဘယ်လိုလုပ်ကြမလဲ"

လီယင်ကူ အံကြိတ်နေ၏။

"ဖေဖေ—ဒီတော့ခင်မလေး လုပ်သွားပုံ ဟာ ငါကယ် ဒေါသဖြစ်စရာ ကောင်းတယ်၊ ရွှေနဂါး ဂေဟာအတွက် မကြာခင်မှာ အန္တရာယ်ရှိလာနိုင်တယ်"

www.burmeseclassic.com



"ဒေဘာ့ဒ်"

လီယင်ကူ မေတာ့ဘ်ဓေါက်လိုက်၏။ လီယင်ကူ စဉ်းစား ကြည့်သည်။

လီပိုးသည် အဆိပ်ဖြေဆေးရှာဖွေ၍ လူချင်းထိန်ဆီရောက်သွား နိုင်ပေသည်။

လူချင်းထိန်သာ အဆိပ်ပြေသွားလျှင် လီဆူရှင်း ခံစားရ တော့မည်။ [illegible] လဲ ခံရနိုင်သည်။

လီဆူရှင်းကလည်း ထိုအတိုင်းပင် တွေးမိသည်။

"ဒီသိုင်းလောကမှာ ဆရာမလူကျင့်မခန့်နိုင်တော့ဘူးဖေဖေ၊ အန္တရာယ်ဟာ [illegible]နေ့ [illegible]ယ့်ဆီရောက်လာတော့မယ်၊ အဲဒါ ကို သိလျက်နဲ့ မစောင့်နေတာမျိုး ကျွန်တော် မလိုချင်ဘူး ဖေဖေ"

လီယင်ကူ နားထောင်နေသည်။

"ကျွန်တော့်ဆီ လာမယ့်အန္တရာယ် မကြုံပြီး ရင်ဆိုင်ဖြေ လိုက်ချင်တယ်"

လီယင်ကူသည် သားဖြစ်သူ၏စိတ်ခံစားမှုနှင့်သမီးဖြစ်သူ၏ စိတ်ခံစားမှုကို နှိုင်းယှဉ်ကြည့်မိသည်။

သူသည် အာ[illegible]ပေါက်ခဲ့ရသူဖြစ်သည့်အတိုင်း သားဖြစ်သူ ၏စိတ်ခံစားမှု ပို၍နှစ်သက်သည်။

သမီးဖြစ်သူကို စိတ်ဆိုးသည်။

ရှေ့နောက်၌ လီယင်ကူဖွဲ့သော အဖွဲ့နာမည်ကို [illegible] တိန်းသိမ်း[illegible] [illegible] သားဖြစ်သူ [illegible] တော့မည်။



"ညီမလေးအတွက် ဘယ်လိုလုပ်မလဲ ဖေဖေ"

လီဆူရှင်းက မေးသည်။

လီယင်ကူ အံကြိတ်ရင်း—

"လူဆိုတာ ခန္ဓာကိုယ်ထဲကသွေး မကောင်းရင်ဘောင် တ်ထုတ်သင့်ရင် မဖောက်ထုတ်ရမဲ့အတော၊ သင်းကို သိပ်လိုက်ရှာမယ်၊ နဂါးဇာဆိပ်ဖြေဆေး ပြန်ရအောင် ကြိုးစားရမယ်"

"ဒါဆို ကျွန်တော် ကြိုးစားနိုင်ပါဘူး"

"အဆိပ်ဖြေဆေး ရပြီးရင် ဒီကောင်မလေးကို အမြတ် စ်လိုက်တော့"

ဤစကားကို ကြားလိုက်ရသောအခါ လီဆူရှင်းမှာ တုန် သွားတော့၏။

လီပိုး၏ ကံကြမ္မာကို ရှေ့လျှောက်မတွေးဝံ့တော့ပေ။

လီဆူရှင်းမှာ သူ့နောက်လိုက်နေသည့်လူများကို မည်သို့ ဝင်တိမ်းရမည်ကို မစဉ်းစားနိုင်တော့ပေ။

သူ့ညီမနောက်သို့လိုက်၍ အဆိပ်ဖြေဆေးကို ရှာဖွေရ တော့မည်။

လီပိုး... လီပိုး ညီမလေး... မင်း ဘယ်မှာလဲ။

* * *

www.burmeseclassic.com

www.burmeseclassic.com



မနက်လုံးကြီးသည် အအနာတ်ကက် တောင်ဖွယ်အော တဖြည်းဖြည်း ပျောက်ကွယ်စပြုလေပြီး အဆင်းရောင် လုံးဝတော့ မပျောက်ကွယ်သေးချေ။

အလင်းပျပျအခါအခါတော့ ရှိသေးသည်။ ထိုအခါ မြင်းနှစ်စီး ဒုန်းစိုင်းပြေးဝင်လာကြသည်။

တစ်စီးက ချပြီးသူဖြစ်သည်။

တစ်စီးက လိုဏ်အူဖြစ်သည်။

နောက်မှလိုက်သူ မြင်းစီးသမားရာ အနက်ရောင် ရှိုးထီဆင်၍ မျက်နှာတွင် မျက်နှာဖုံး တပ်ဆင်ထား ရှေ့တပြေးနေသောမြင်း၏ မီလုမီခင်အခြေအနေသို့ နေသည်။

မျက်နှာဖုံးနှင့် မြင်းစီးသမားသည် ရှေ့မြင်း၏ အ လိုက်နေသည်။

"ခွပ်ခွပ်...ခွပ်ခွပ်"

"ခွပ်ခွပ်...ခွပ်ခွပ်"

ထိုစဉ် နောက်မှလိုက်နေသော မြင်းစီးသမား၏ သည် လျှပ်ပြက်သကဲ့သို့ လှုပ်ရှားသွား၏။

"ဝှီး...ဝှစ်...ဝှစ်"

လက်နက်ပုန်းဖြင့် လှမ်းပစ်ခြင်းဖြစ်သည်။



"ဒုတ်...ဒုတ်"

ထိုလူသည် အလွန်ညစ်ပတ်သောလူဖြစ်၏။ မြင်းစီးသမား ကို စစ်ခြင်းမဟုတ်။

မြင်း၏ စစ်ခြင်းဖြစ်သည်။ မြင်းသည် ဟပ်သိုးလဲကျသွား သ၏။

မြင်းစီးသမားသည် အဝေးသို့ လွင့်စဉ် ပစ်ကျသွားလေ သည်။

★

www.burmeseclassic.com

# အခန်း (၃၆)

နေ့ဇက်မှ မြင်းစီးသမားက—

"ဘယ်လိုလဲတောင်ဝါသိုင်းသမားကြီးရဲ့၊ ခင်ဗျား ကျုပ်ကို သိပ်ကြောက်နေပြီ မဟုတ်လား"

"မင်း...မင်း ဘယ်သူလဲ"

"ဟား...ဟား...ဟား... ကျုပ် ဘယ်လူတယ်ဝါဆိုတာ သိဖို့ထက် ခင်ဗျားရဲ့အသက်ကို လုံခြုံအောင်ကာကွယ်ဖို့ အရေးကြီးပါတယ်၊ ကျုပ်ကို မျက်နှာဖုံးစွပ် သိုင်းသမားလို့ ပဲ ခေါ်ပေါ့ဗျာ"

ရှေ့မြင်းပေါ်မှ လိမ့်ကျသွားသည့်သိုင်းသမားသည် ဓား ကို ဆွဲထုတ်လိုက်၏။



"မင်း ဘာကောင်ပဲဖြစ်ဖြစ် ငါ တိုက်ရမှာပဲ"

"မတိုက်ရင် ခင်ဗျား သေသွားမှာပေါ့၊ တိုက်စမ်း...ခုခံနိုင်ရင် ခုခံစမ်း"

"ဝှီး...ဝှစ်...ဝှစ်"

"ရှမ်း...ရှမ်း"

တိုက်ပွဲသည် စတင်ဖြစ်ပွားတော့သည်။

မျက်နှာဖုံးစွပ်သိုင်းသမားသည် နောက်ဆုတ်ရှောင်တိမ်းသည်။

"ထန်...ထန်"

ဓားမြှောင်သံများက ဆူညံနေသည်။

သူတို့သည် တစ်ဦးနှင့်တစ်ဦး အလွတ်မပေးသော အကွက်ကို ချောင်းနေကြသည်။ သိုင်းသမားနှစ်ဦးအသည် မျက်နှာချင်းဆိုင် ရင်ဆိုင်ကြသည်။

"ကျား"

"ချွမ်း...ချွမ်း"

မျက်နှာဖုံးစွပ်သိုင်းသမားနှင့် ဓားသမားတို့သည် တစ်ဦး တစ်ဦး လွန်သွားကြ၏။

"ဝှစ်"

မျက်နှာဖုံးစွပ်သိုင်းသမားက ဓားမြှောင်တစ်ချောင်းကို လျင်မြန်စွာထုတ်၍ ပစ်လိုက်၏။

"အား"

www.burmeseclassic.com

www.burmeseclassic.com



ဓားသမားကြီးမှာ နောက်ကျော၌ ဓားမြှောင်စိုက်ပြီး [...] အောင်တစ်လဲကျသွားလေသည်။

"မင်းအတွက် ကြေကွဲဝမ်းနည်းခြင်း အမှတ်အသား[...]

စေဆော်သူ၏ ဓားသမား၏ခန္ဓာကိုယ်ပေါ်သို့ မျက်နှာ[...] ဖုံးတစ်ခု ပြုတ်ကျလာသည်။

မျက်နှာဖုံးစွပ်သိုင်းသမားသည် စေဆော်သူအလောင်း[...] ခုန်ကျော်၍ မြင်းဆီသို့ လျှောက်သွားလေ၏။

မြင်းဆီသို့ရောက်သောအခါ မျက်နှာဖုံးစွပ်သိုင်းသမား[...] သည် အိတ်ထဲမှ မျက်နှာဖုံးစွပ်အသစ်တစ်ခုကို ထုတ်ယူ[...] သည်။

သူသည် မျက်နှာဖုံးစွပ်အသစ်ကို စွပ်ပြီး မြင်းကို [...] စိုင်း စီးနှင်သွားတော့သည်။

ညနေပိုင်း၌ မျက်နှာဖုံးစွပ်သိုင်းသမားတစ်ဦး ဖိုးနည်း[...] ပေါ်လာလေ၏။

သိုင်းအမာများကို လျှောက်သတ်နေသည့် မျက်နှာဖုံး[...] စွပ်သည် ကြောက်မက်ဖွယ်ရာ လူသတ်ကောင် ဖြစ်နေပေ[...] သည်။

ထိုသတင်းသည် သိုင်းအကျော်အမော်များအထိ ပေါ်[...] ရောက်သွားသည်။

သိုင်းသမားများ သေဆုံးရမှုသတင်းသည် ညသို့ဖြင့်[...] ရစေမည်။ သိုင်းအကျော်အမော်များ မသိရှိလျှင်မဖြစ်နိုင်[...]



[...] မြောက်ကျွန်းပယ်တော်နှင့် နတ်စောင်း အတိုးအိုတို့ [...]း ညီသတင်းကို ကြားသိကြသည်။

[...]ဆို၍ မကြာခင် သူတို့ ခွေးနွေးကြမှာသာ။

"ကျွန်မကတော့ ရွေနဝါး လီဆူရှင်းကို မသက်ဘူး၊ [...]ပေါ်ရောက်လာသားမျိုးကို လိုက်သတ်နေတဲ့လူဆိုရင် ကျွန်မ [...] အမြန်ရှာဖို့လိုမယ်၊ သိုင်းလောကမှာ မကျေနပ်တဲ့လူဆို လီဆူရှင်းတစ်ယောက်ပဲရှိတာပဲ"

"ဟုတ်ပါတယ်၊ သိုင်းလောကတစ်ခုလုံးဟာလဲ သူ့ပဲလို့ [...]ပြောဆိုနေကြတယ်၊ ဒါပေမယ့် လီဆူရှင်း ဘယ်မှာရှိတယ် [...]တာကို ဘယ်သူမှ တိတိကျကျ မသိရှိကြဘူး"

မြောက်ကျွန်းပယ်တော်သည် နတ်စောင်းအတိုးအို မေး[...]းထားသော ဖင်းယုကို လှမ်းကြည့်လိုက်၏။

"သူ့မျက်လုံးက ပြန်ကောင်းမလာသေးဘူးနော်"

"ရှူး"

နတ်စောင်းအတိုးအိုက ဖင်းယုမကြားစေချင်သဖြင့် ရှူး[...]နဲ့ အသံပြုလိုက်သည်။

သို့သော် ဖင်းယုက ကြားပြီးလေပြီ။ သူမသည် မျက်စိ[illegible] မြင်သူဖြစ်၍ အကြားအာရုံ ပိုကောင်းသည်။

ဖင်းယုသည် ရေနွေးခွက်များသို့ ကွက်တိဖြည့်နိုင်သည်။

မြောက်ကျွန်း မယ်ခဘဝီသည် ဖင်းယု ရေနွေးခွက်ငှဲ့သည်ကို ငေးကြည့်နေမိ၏။

"လီဆူရှင်း ကိစ္စကို ဘယ်လိုလုပ်မလဲ"

မြောက်ကျွန်းမယ်မဘဝ်က မေးလိုက်သည်။

နတ်စေဝင်းအဘိုးအိုက....

"အဖွဲ့ချုပ်က လီဆူရှင်းကို ဖမ်းဖို့ အမိန့်ထုတ်ထားပြီး အဖွဲ့ဝင်တွေလိုက်ဖမ်းနေကြပြီလေ၊ မခိဘဝကတော့ လီဆူရှင်း အရှောင်ကောင်းလို့ပါ"

"လီဆူရှင်းဟာ သိုင်းပညာအစေါ် ပိုပြီး အငြိုးကြီးသောမဟုတ်သဘောရှိတယ်"

"သူက ပြိုင်ပွဲမှာ ယှဉ်အနိုင်မရလို့ ပြိုင်ပွဲအကြီးအကဲကို ငြိုးသွားတာပဲ၊ အဖွဲ့ချုပ်က သူ့ကို ဖမ်းဖို့ အမိန့်ထုတ်တော့ ပိုပြီး ငြိုးမှာပေါ့၊ အဖွဲ့ချုပ်အမှနန့်တလဲ မထုတ်မရဘူးလေ၊ သူက အစောင့်တွေကို သတ်ပြီး သိုင်းကျမ်းခိုးယူသွားတာ မဟုတ်လား"

"နံရံမှာ မနောက်နောင် လေးနှစ်ကြာရင် ပြန်လာမယ်လို့ ရေးခဲ့သေးတာပဲ"

ဖင်းယုသည် နတ်စေဝင်းအဘိုးအိုနှင့် မြောက်ကျွန်းမယ်တော်တို့ ပြောနေသည့် စကားများကို နားထောင်ရင်း လီဆူရှင်းအစေါ် နားကြည်းစွာ တွေးနေမိ၏။



မကြာမီ မြောက်ကျွန်းမယ်တော်လည်း ပြန်သွားသည်။

"အဘိုး"

"ဘာလဲ သမီးရဲ့"

"ယူချင်းသန် မစားဘူးလို့ ကြားတယ်၊ အဲဒါ ဟုတ်သလား"

ဖင်းယု မည်သည့်နေရာမှ ကြားလာသည်မှတော့ မသိပေ။ နှစ်ဦးစလုံး ဒုက္ခိတ ဖြစ်နေသည်ကတော့ အမှန်ပင်။

"ဟုတ်တယ်သမီး၊ အတော့်နဲးတ တိန်းဝေသး အခု သူငွေးဖြစ်တဲ့ စမ်သင်ဖုံးဆိုတဲ့လူဆီမှာ ရောက်နေတယ်လို့ ပြောကြတယ်"

"သမီးသွားတွေ့ပါရစေလား အဘိုး"

"မသွားနဲ့သမီး၊ အခုသွားရင် တစ်ဦးကိုတစ်ဦး ဒုက္ခိတ ဖြစ်နေတာမြင်မယ်၊ စိတ်မကောင်းဖြစ်ကြမယ်၊ တစ်ဦးကို တစ်ဦးလဲ ဘာမှ အကူအညီမပေးနိုင်ကြဘူး၊ ဒါပြင် အဘိုးပြောဖို့ မပြီပါဘူး၊ သမီးတို့ သိကြမှာပါတယ်၊ ဘာမှ မထူးခြားဘဲ သမီး သွားစေချင်သေးဘူး"

"ဒါတော့ ဒါပေါ့အဘိုးရယ်၊ သမီးကို သူ ထုတ်မပြောပေမယ့် နာကြည်းမှုတွေ ရှိနေမယ်လို့ သမီးထင်နေတယ်၊ အဲဒါတွေကို သမီး သွားတောင်းပန်ချင်တယ်၊ သူ့အဖြေနှပ်အောက်မှာအောင်ကို တောင်းမြန်ချင်ပါတယ်အဘိုးရယ်"

www.burmeseclassic.com



နတ်ခေါင်းအဘိုးက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

ရှုတို့နှစ်ဦး တွေ့ဆုံ၍ တာဝန်မှ အကျိုးမရှိနိုင်တော့ ထင်သည်။

"သမီး သူ့ကို မတွေ့ရသေးတဲ့အချိန်အထိ စောင့်ပါဦး ဆမီးရှုး"

နတ်ခေါင်းအဘိုးအိုအား ဒါပဲ ပြောလိုက်သည်။

ဖင်းယုက ငြိမ်သက်သွားလေ၏။

*

## အခန်း (၃၇)

### အသစ် ဆေးကုသူတစ်ဦး

လီပိုးတစ်ယောက် ရှန်ဆန်မြို့ရှိ တည်းခိုခန်းတစ်ခုသို့ ရောက်ရှိလာလေ၏။

သူမသည် ရုပ်ဖျက်ခြင်း မပြုပေ။ သို့သော် ညိုမောသော ခမောက်ကြီးတစ်လုံးကို ခပ်ငိုက်ငိုက် ဆောင်းထားသည်။

သူသည် တည်းခိုခန်းအတွင်း ဝင်ခဲ့သည်။

"အစ်ကိုက မြင်ကွင်းကောင်း စီးမြင်နိုင်တဲ့ အခန်းတစ်ခန်း လိုချင်တယ် ရမလား"

လီပိုးအား မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဟာ...ရပါတယ်၊ ရပါတယ်၊ အခန်းကောင်းကောင်း ရှိပါတယ် အစ်မလေး စိတ်တိုင်းကျ ဖြစ်စေရမှာပါ”

ဆိုင်မှ တာဝန်ရှိသူက ပြောပြီး လီပိုးအား အခန်းဆီ လိုက်လံပို့ဆောင်လေ၏။

လီပိုးသည် အရှေ့ကျွန်းမှ ထွက်ခွာလာခဲ့သည်မှာ ဆယ်ရက်ခန့်ရှိပြီဖြစ်၍ သူမအား ရွှေနဂါးဂိုဏ်းသားများလိုက်လံ ရှာဖွေနေတော့မည်ကို သိရှိထားလေသည်။

သူမသည် တည်းခိုခန်းသို့ ရောက်သည်နှင့် ဆိုင်ဝန်ထမ်း အားလုံးနှင့် ရင်းနှီးအောင် ပေါင်းလေသည်။

ပေးကမ်းခြင်းသည် အောင်နိုင်ရာဖြစ်သည် မဟုတ်ပါလော။

သူမသည် ဆိုင်ဝန်ထမ်းတစ်ယောက်စီအား လက်ဆောင်ပစ္စည်းများ ပေးခြင်းအားဖြင့် ခင်ခင်ရင်းနှီးအောင် ပေါင်းသည်။

သူမ၏အခန်းဘွဲ့သည်း ဆောင်ချောက်ဘက်ခုဆောင်ထားသည်။

သူမ ဆိုလားသော အုပ်စုဝင်လာလျှင် တံခါးဖွင့်သည်နှင့် မြားများ ပြေးထွက်သွားစေရန် စီစဉ်ထားခြင်းဖြစ်လေသည်။

သူမ၏အခန်းကလည်း ကောင်းသည်၊ အပေါက်ဝမှ ဝင်လာသူအားလုံးကို စီးမြင်နိုင်သည်။ နောက်ဘက် အပေါက်တွင်လည်း မြင်းတစ်ကောင်အား အမြဲတမ်း အဆင်သင့် ပြင်ဆင်ထားသည်။



ထိုမြင်းကို စောင့်ရှောက်ရန် အစောင့်တစ်ယောက်ကို ထည့်ထားသည်။

ရွှေနဂါးဂိုဏ်းသားများသည် သူမ၏ နောက်ကြောင်း ခြေရာခံနိုင်မည်ကို သူမ သိသည်။ ထို့ကြောင့် အကွက်ဆည်အောင် စီစဉ်ထားခြင်းဖြစ်သည်။

သူမသည် လူချင်းထန်၏သတင်းတို့ကော့ စုံစမ်းခဲ့၏။ လူချင်းထန် ရှန်းဆန်မြို့သို့သွားသည်ဟူသော သတင်း သန့်ဆန့် ကြားရသဖြင့် သူမ ဤမြို့ဆီသို့ ခြေဦးလှည့်ခြင်း ဖြစ်သည်။

သူမသည် နဂါးအဆိပ်ပြေဆေး၏ သူမကိုင်သည့် ဓားလက်ကိုင် အခေါင်းထဲသို့ ထည့်ထားခဲ့သည်။

ဤသို့ဖြင့် တည်းခိုခန်း၌ နေထိုင်ခဲ့ရာ ခုနစ်ရက်ကြာမြင့်သွားသည်။

“ဒေါက်...ဒေါက်...ဒေါက်”

အခန်းတံခါးခေါက်သံ။

ဤသို့အချက်ပေးသံသည် ဆိုင်ဝန်ထမ်းများ၏ အချက်ပေးသံမှန်း သိသည်။

သူမ တံခါးဖွင့်လိုက်သည်၊ ဆိုင်ဝန်ထမ်းတစ်ယောက်ကို တွေ့မြင်ရလေ၏။

www.burmeseclassic.com

www.burmeseclassic.com



"မမလေး...အပြင်မှာ လူစိမ်းတွေ"

"တောင်အောင်များသလား"

"များလို့ လာမပြောတာပေါ့"

"ကောင်းပြီ၊ ခင်းသွားတော့"

ဝန်ထမ်းသည် လျင်မြန်စွာပျောက်ကွယ်သွားလေ၏။

လီပိုးသည် အပေါ်မှစီးကြည့်လိုက်သည်။

"ငါထင်တဲ့အတိုင်း ရွှေနဂါးဂိုဏ်းသားတွေပါပဲ။ အား ငါထင်တာထက် သူတို့ရောက်လာတာ မြန်နေတယ်၊ တွေ့ကြရောပေါ့"

ရွှေနဂါးဂိုဏ်းသားများသည် ဆိုင်တာဝန်ခံအား မေး မြန်း၍ စုံစမ်းသောအခါ အမျိုးသမီးတစ်ယောက် ဤတည်းခို ခန်း၌ တည်းခိုနေသည်ဟု သိရှိသွားတော့၏။

မကြာမီ သူတို့သည် လီပိုး တည်းခိုနေသည့် အခန်းသို့ ရောက်ရှိလာတော့သည်။

"သခင်မလေး...အခင်မလေး"

အပြင်မှ ရွှေနဂါးဂိုဏ်းသားများက အော်ခေါ်တော်

လီပိုး ငြိမ်နေလိုက်သည်။ သို့မှသာ သူတို့ တံခါးကို ဆွဲ မည် မဟုတ်ပါလော။

"ဝုန်း"



"ဝိုး...ဝိုး...ဝိုး"

"အား...အား...အား"

သူတို့ တံခါးဆွဲဖွင့်လိုက်သည်နှင့် ထောင်ချောက်မှ မြားများသည် ပြေးထွက်သွားပြီး ရှေ့ဆုံးမှဝင်လာသူ သိုင်းသမားသုံးဦး၏ ရင်ခွင်များအား ထုတ်ချင်းဖောက် ဝင်သွားသည်။

ဝင်လာသူများ ဖရိုဖရဲဖြစ်သွားသည်။

ထိုအခြေအနေကို အခွင့်ကောင်းယူကာ လီပိုးသည် လူအုပ်ကြားထဲသို့ ဝင်ရောက်သွား၏။

"ဝိုး...ဝိုး...ဝိုး"

"ရှမ်း...ရှမ်း...ရှမ်း"

ရွှေနဂါးဂိုဏ်းသား သိုင်းသမားသုံးယောက်ခန့် ကျဆုံးသွားပြန်သည်။

လီပိုး၏တိုက်ခိုက်မှုမှာ မြန်လှသည်။ ရွှေနဂါးဂိုဏ်းသား တို့ မြန်ဆည်တော့ပြန်နိုင်အောင် ဖြစ်ကြရသည်။

"သခင်မလေးကို မြန်မြန်တိုက်ကြ"

ဂိုဏ်းသားများသည် ပြန်သည့်ထိုက်ခိုက်ကြသည်။

ထိုအခါ လီပိုးသည် နောက်ဖေးဘက်သို့ ရောက်ရှိသွား လေပြီ။

သူမသည် အဆောင်၏မြင်းဇောင်သို့ ခုန်တက်ပြီး ပြေး လွှား ထွက်ခွာသွားလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ရွှေနဂါးဂိုဏ်းသားခုနစ်ယောက်ခန့် ကျဆုံးသွားသဖြင့် ခုနစ်ယောက်ခန့်သာ အသက်ရှင်ကျန်ရစ်ခဲ့သည်။ ဂိုဏ်းသားများ မရှုမလှ ဆုံးရှုံးခဲ့ရလေပြီ။

လီပိုးသည် ရှန်ဆန်မြို့ပြင်သို့ ထွက်ပြေးခြင်း မဟုတ်ပေ။ သူမ အထူးအစီအစဉ်ဖြင့် ငှားရမ်းထားခဲ့သော တည်းခိုခန်းဆီသို့ ပြေးသွားခြင်းသာ ဖြစ်ပါလေ၏။

နဂါးအဆိပ်ဖြေဆေးသည် သူမ၏ ခါးလက်ကိုင်ထဲတွင် ရှိနေသေးသည်။

ဈာချင်းထန်သည် သူ၏သတင်းကိုကြားပြီး သူမတို့ လာရောက်ဆက်သွယ်ခြင်းဟု ယုံကြည်သည်။

★

အခန်း (၃၈)

ဝမ်ရောင်ဖုံးသည် ယူချင်းထန်ထက် ဆယ်နှစ်ခန့်ကြီး၏။ သူသည် ဈာချင်းထန်ကို ခင်မင်သည်။ ထို့ကြောင့် ယူချင်းထန်ကို မတောင့်မတ မကြောင့်မကြ ထားသည်။

ယူချင်းထန်မှာ ဒုက္ခိတဖြစ်နေရခြင်းမှတစ်ပါး အခြားစိတ်ညစ်ရန်အကြောင်း လုံးဝမရှိပါချေ။

ယူချင်းထန်မှာ အစစအရာရာ အဆင်ပြေလှသဖြင့် ဝမ်ရောင်ဖုံးတို့မင် အားနာလာသည်။

"ကျွန်တော်တော့ ခင်ဗျား ပြုစုတာတွေ မှားလွန်းလို့ အားတောင်နာလာပြီ"

ယူချင်းထန်က အမှန်အတိုင်းပြောလေသည်။

www.burmeseclassic.com



ဝမ်းဆင်ဖုံးက...

"မင်းဆလဲကွာ...ငါ့မှာရှိတဲ့ အခမ္မခတွေကို ဝါဘစ်သက်ပြီးပြီးနေ
မင်းတစ်ယောက် စားမကုန်ပါဘူးကွ။ ငါက မင်းကို ဒီအတိုင်း
ကြည့်နေတယ် ထင်သလား၊ မင်းအတွက် အကောင်းဆုံး
အစားတော်စ် ရှာနေနှာကွ၊ မင်း ဒုက္ခိတဘဝတလွတ်မြောက်
ဖို့ ငါဘာဝန်ယူထားဘယ်"

ယူချင်းသန့်သည် သူ့ဒုက္ခ သူသာသိသည်။ နှင်ငါ့အဆိပ်
မိထားခြင်းဖြစ်ရာ မည်သည့်အခါမှ ကုနိုင်မည်မဟုတ်ကြောင်း
ကို သူသိသည်။

ထို့နောက် ဝမ်းဆင်ဖုံးကို ငြင်းမနေချင်။

"ကျေးဇူးတင်ပါတယ်ဗျာ"

"ခင်း ဘာကိုကျေးဇူးတင်နေတာလဲ၊ မင်းကို ခဆေးကုသ
ပေးသော ငယ်စဉ်ကမို့ ငါကခေါင့်ရှောက်တာ၊ အခုတော့
ဆုံးပြီးမှ မင်း ကျေးဇူးတင်ရမှာကွ"

"ဘာကျေးဇူးလဲဗျာ"

"မင်းရောဂါပျောက်ပြီးရင် မင်းသင်ချင်တဲ့ သိုင်းပညာ
ကို သင်နိုင်ပြီ၊ ငွေဘယ်လောက်ကုန်မလဲ ငါ ခင်အကုန်ခံနိုင်
တယ်၊ မင်းမှာ မျှော်လင့်ချက်က အိပ်မက်တွေရှိနေသေး
တယ် မဟုတ်လား"

သိုင်းပညာ သင်ချင်လွန်းလှသော သူငယ်ကလေးကို မြ
လည်း စဉ်းစားမိလေ၏။



ယခုတော့ ရလိုတော့မပါ။ သူ့ဘဝ၌ သိုင်းပညာ ထင်
[illegible]ပြီးပြီးနေပြီ။

"ကျွန်တော် အတွက်တော့ ပိုက်ဆံ အကုန်မခံချင်ပါနဲ့
[illegible]၊ ကျွန်တော်က ဒုက္ခိတဘဝက ကောင်းလာနိုင်တော့မှာ
မဟုတ်ဘဲ"

"ကံတရားဆိုတာ မြင်နိုင်တဲ့အရာ မဟုတ်ဘူး၊ အနာနဲ့
ဆေး တည့်သွားတဲ့အခါ ကောင်းသွားမှာပါ"

ယူချင်းသန့်သည် ဝမ်းဆင်ဖုံးကို ဘာမျှ မပြောတော့ပေ။
ပြော၍လည်း ရမည် မဟုတ်တော့ပါ။

ဝမ်းဆင်ဖုံးသည် သူ့ကို အလွန်အမင်း ကူညီနေချင်သူ
ဟုတ်ပါလား။

"ကဲ...ယူချင်းသန်၊ မင်းခုလဲ အချိန်တိုင်း ဒုက္ခိတဖြစ်ရ
တာကို စိတ်မကောင်းဖြစ်နေတာလဲ၊ မင်း ဝန်းဆန်းသွား
အောင် အတွေ့အကြုံသစ်ကလေးတွေ ရစေအောင် ကွမ်ယင်
ယ်တော် ဘုရားရှိခိုးကျောင်းကို သွားကြရအောင်၊ ဟိုမှာ
[illegible]ယင်မယ်တော်ကို ဖူးပြီး ဆုတောင်းကလေး တောင်းကြ
[illegible]ပါကွ"

ဝမ်းလင်းဖုံးသည် စိတ်ခုတ်ကျနေသော ယူချင်းထန်ကို
[illegible]ရှိခိုးကျောင်းသို့ လိုက်ပို့၏။

ဘုရားရှိခိုးကျောင်းဆိုသည်မှာ အစဉ်အမြဲ လူစည်ကား
[illegible]ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ထွေးချင်းထန်သည် အမွေးတိုင်များနှင့် ပူဇော်ပြီး သ ခံစားနေရသည့် ဝေဒနာများ ပျောက်ကင်းစေရန် ဆုတောင်းလိုက်၏။

ဘုရားကျောင်းသို့ ရောက်သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ပြီဖြစ်၍ သူသည် ရုပ်တုများကိုကြည့်၍ စိတ်တော ကြည်နူးမိသည်။

"ဟင်...ဖင်းယု"

နတ်စေခင်းအဘိုးအို၏ လက်ကိုဆွဲ၍ ဘုရားကျောင်းသ ဝင်လာသော ဖင်းယုအား မြင်လိုက်ရသောအခါ အံ့ဩ သွားရသည်။

*

အခန်း (၃၉)

ဘုရားကျောင်းထဲ၌ လူများ ပျားမန်းခပ် အွားလာနေ သည်ဖြစ်၍ နတ်စေခင်းအဘိုးအိုသည် ယူချင်းထန်ကို မမြင် မိပေ။

"ဘာဖြစ်နေတာလဲ ယူချင်း"

တုန်လှုပ်နေသော ထွေးချင်းထန်အား ဝမ်ယင်ဖုံးက မေး လိုက်သည်။

"ဟို...ဟို နတ်စေခင်း အဘိုးအိုနဲ့ တွဲသွားတဲ့ မိန်း ကလေးက..."

"သြော်...ဟိုမိန်းကလေးလား၊ သူ့နာမည်က ဖင်းယုတဲ့ မျက်စိမမြင်ဘူးလေကွာ"

www.burmeseclassic.com

www.burmeseclassic.com



"အင်..."

ဈေးချင်းဟန်တစ်ယောက် အကြီးအကျယ် အံ့သြသွားပြီး စိတ်ခံကောင်းဆဲ့ ဖြစ်သွားမိသည်။

"သူ့အမြင်မှာ ကြီးရပါတယ်တော့ သိပ်မကောင်းပါဘူးကွာ၊ သူ့ကို တစ်ဖက်သတ်ချစ်ခဲ့တဲ့လူက သူ့အချစ်ကို မတုံ့ပြန်ရအောင်းလွာဆိုပြီး တိုက်ခိုက်သွားတာနဲ့ ဒီလို မျက်မမြင်ဘဝ ရောက်သွားရတာပဲ"

"သူ့ကို တစ်ဖက်သတ် ချစ်နေသူဆိုတာ ရွှေနဂါးလီဆူ ရှင်း တော့လား"

"ဟုတ်တယ်"

ယွဲ့ချင်းဟန်သည် သူ့ဘဝနှင့် ဖင်းယုဘဝကို ဖျက်ဆီးစေသော ရွှေနဂါးလီဆူရှုပ်းအား ဘယ်လိုဝေးဝေးလိုစိတ် မျိုး တဖွားဖွား ပေါ်လာသည်။

အထိတ်အဆိုးကျိုးများကို ဖန်တီးခဲ့သူမှာ လီဆူရှင်းသာ ဖြစ်မှာလေ၏။

ဖင်းယုဟိုလည်း သနားသွားသည်။

"မင်း ဘာတွေစဉ်းစားနေတာလဲ ယွဲ့ချင်းဟန်"

"ဘာမှမဟုတ်ပါဘူး၊ မျက်မမြင်ကောင်မလေးကို ကြည့်ပြီး သူ့ဒုက္ခဘဝကို သနားနေမိလို့ပါ"

ယွဲ့ချင်းဟန်သည် သူ၏လျှို့ဝှက်ကိစ္စကို ဝမ်လင်ဖုံး မသိ စေချင်သဖြင့် ဖုံးကွယ်၍ ပြောမိသည်။



ရုပ်ရေးလှသော သူ့ဘဝမှန်ကိုသာ ဝမ်လင်ဖုံးသိလျှင် အတော် စိတ်မကောင်း ဖြစ်မိမှာ အမှန်ဖြစ်သည်။

ဖင်းယုနှင့် နတ်စေခင်းအောင်းအိုသည် လူအများကြားမှ ကွယ်ပျောက်သွားလေ၏။

"ကဲ...ပြန်ကြစို့၊ ဝင်းက မြွေသွားတက်လဲ သိပ်မကောင်း တော့ ကြာကြာနေလို့ မကောင်းဘူး"

"သွားပါတော့ ပြန်ကြမယ်"

ဝမ်လင်ဖုံး၏ အဂုဟာသို့ ယွဲ့ချင်းဟန်တို့ ပြန်လာခဲ့သည်။

ပြန်လာပြီး ယွဲ့ချင်းဟန်မှာ တနေ့တည်းတွေ့နေရသော သည်။

မျက်မမြင်လေးဖင်းယုမလေးထားသော ပေါ်နိုးကာလ်ဆောင် လေးကို သူသည် ယခုဆက်တိုင် သိမ်းဆည်းထားတုန်း ဖြစ် သည်။

ဖင်းယုနှင့်သူသည် လီဆူရှင်းသာ ဝင်ရှုပ်လျှင် အဆင် ပြေနိုင်သည်။

သူ့...ည်း အေးချမ်းမြင်သော မိုးပြိုလက်သီးသိုင်းသမား ဖြစ်နေ...မည်။

ဟုတာနှင့်ဂိုဏ်းချုပ်ကြီး ထိယနိစင်း မြင်ချင်သော မိုးပြို လက်သီးသိုင်းသမား ဖြစ်ရနေပေတော့မည်။

ယခုတော့ ဒုက္ခိတတစ်ယောက် ဖြစ်နေရသည်။

ယွဲ့ချင်းဟန်သည် သူ၏ဂုဟာအဝပေါ်ထဝင်မှ မြွေအပြင် ဘက်သို့ ငေးကြည့်နေလေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ မသင်္ကာဖွယ်ရာ လူတစ်ယောက်ကို တွေ့မြင်မိလေ၏။

ယူချင်းထန်သည် ထိုလူအား မမှိတ်မသုန် ကြည့်လိုက်မိသည်။

ထိုလူသည် ခြံစည်းရိုးအနီးသို့ တိုးကပ်လာသည်။ သာမန်လူတစ်ယောက်သည် မည်သည့်နည်းနှင့်မျှ ခြံစည်းရိုးအနီးသို့ မကပ်ဝေး သူ့လမ်း သူသွားရပေမည်။

ယူချင်းထန်ကြည့်နေစဉ် ထိုလူသည် ခြံစည်းရိုးဆီ လှမ်းခနဲ ခုန်ကျော်ဝင်လာလေ၏။

သိုင်းပညာ မတတ်သူတစ်ယောက်သည် မခုန်ကျော်နိုင်ပေ။

ယူချင်းထန်သည် ဝမ်လင်ဖုံး၏ နှိုးလိုက်ရမည်လား။ အစောင့်များကို မအော်နိုးရမည်လားဟု စဉ်းစားနေသည်။ ဝမ်လင်ဖုံး၏အိမ်မှာ သာမန်သူဌေးအိမ်မျှသာဖြစ်၍ သိုင်းသခင်ကြီးများ၏အိမ်ကဲ့သို့ အစောင့်များပြားစွာ ရှိမနေပါချေ။

ထို့ကြောင့် ယူချင်းထန်သည် ဆက်လက်စောင့်ကြည့်နေလေ၏။

အနီးကပ်လာသောအခါ ထိုလူရိပ်မှာ မိန်းကလေး တစ်ယောက်ဖြစ်ကြောင်း ခန့်မှန်းမိလေ၏။

ထိုမိန်းကလေးအရိပ်သည် တံခါးကြီးအနီးသို့ ချဉ်းကပ်လာပြီး သူ၏လက်သည် လှုပ်ရှားသွားလေ၏။



"ဝိုး"

"ဒုတ်"

မိန်းကလေးသည် တစ်ရံတစ်ခုနှင့် တံခါးမကြီးကိုစစ်ပြီး နောက် ထွက်သွားတော့၏။ ယူချင်းထန်သည် လူကိုင်မြဲဖြစ်သည့် တောင်ဝှေးတိုတိုကြီးကာ တံခါးမကြီးဆီသို့ လျှောက်လာ၏။

တံခါးမကြီးဖွင့်ပြီး ကြည့်လိုက်ရာ ဓားမြှောင်နှစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရ၏။ စာရွက်တစ်ရွက်ကို ထိုးစိုက်နေသည်။

ဝမ်လင်ဖုံး....

ရှင့်ဆီရောက်နေတဲ့ ယူချင်းထန်ဆိုတဲ့လူကို ကျွန်မ တွေ့ချင်တယ်။ ခြင်္သေ့မင်းစားသောက်ဆိုင်ကို လွှတ်လိုက်ပါ။

လီ(ရွှေနဂါး)

သည်စာက ခြိမ်းခြောက်စာမဟုတ်ပေ။ သူနှင့် ပတ်သက်သောစာ ဖြစ်နေသည်။

လီဆိုသောမိန်းကလေးသည် မည်သူနည်း။ သို့သော် သူ့အား တွေ့ချင်နေသည်ဟု ဆိုနေသည်။ မည်သည့်ကိစ္စ ဖြစ်မည်နည်း။

www.burmeseclassic.com



အဆယ်ကြောင့် တွေ့ရှာဘနည်း။ ယူဂျင်းထန်နှိသည် ထို မိန်းအမလေးရှိရာ ခြံအတိုင်း မင်းစားသောက်ဆိုင်သို့ လှမ်းသင့် ရွှေသွားသင့် ကဦးစားနေရသေး၏။

နံနက်ဂျင်းမသာခါ ထိုစာကို ဝမ်လင်ဖုံးအား ပြသသည်။ ဝမ်လင်ဖုံး စေတ္တဖတ်ပြီးနောက်...

"ဒီမိန်းကလေးကို ငါလဲမသိဘူးကွ၊ ငါ့အသိမိတ်ဆွေ တွေထဲမှာ လီဆိုတဲ့မိန်းကလေး မရှိဘူးကွ"

ဝမ်လင်ဖုံးက စဉ်းစားရင်း...

"ခင်နဲ့ ရွှေနဂါးဂိုဏ်းများ ဆက်ဆက်နေသလား"

ယူဂျင်းထန် ခေါင်းခါ၏။

"ငါနဲ့ရွှေနဂါးဂိုဏ်းနဲ့ ဘာမှ ပတ်သက်စရာမရှိပါဘူး"

"ဘာပဲဖြစ်ဖြစ် မင်း သွားချိန်းတဲ့နေရာကို အရောက်သွား သင့်တယ်၊ အကြောင်းမရှိ အကြောင်းရှာပြီး ချိန်းတာတော့ မဟုတ်နိုင်ဘူး၊ အင်မတန်အရေးကြီးလို့သာ ချိန်းတာဖြစ်နိုင် တယ်"

ဝမ်လင်ဖုံး၏အတွေးအခေါ်မှာ အလွန်နီးစပ်သည်။ သူ သည်လည်း ဒုက္ခတွေ့ဟုတ်တော့လျှင် ချက်ချင်းယူသွားမိမှာ မသေချာ သည်။



ထိုသော် ရွှေနဂါးလီဆူရှင်းက လှည့်မတ်ခေါ်လျှင်တော့ လူ ဒုက္ခရောက်ပေမည်။

သူ တွေ့ဆုံဖူးသော မိန်းကလေးတစ်ယောက်မှာ ဟော ကျောက်၏သမီးဖြစ်သူ လွှမ်းမီး ဗွာတော့ ဆုံးရှာပြီ။

နောက်တစ်ယောက်မှာ မင်းယုံ၊ သူလည်း မျက်မမြင် ဖြစ် နေပြီ။

သည်ကတစ်ယောက်ကတော့ သူ မသိသေး၊ အသပ်ထပ်စဉ်း စားသော်လည်း ခေါ်မလာသေး။

★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄၀)

## တယ်ထင်ရှင်

ရှန်ဆန်ဈေးဆိမ်းကြီး၌ လူများကျပ်နေသည်။ လူများ စိတ်ထင်တိုင်း တိုးဝှေ့မသွားနိုင်အောင် နှစ်သစ်ကူးပွဲတော်ချိန် နီးသဖြင့် ဤသို့ လူများကျပ်နေခြင်းဖြစ်သည်။

ယှူချင်းထန်သည် လီ ချိန်းဆိုထားရာဆီသို့ ထွက်လာခဲ့ခြင်းဖြစ်သည်၊ သောင်ဝေ့းကို အားပြုလျှောက်လှာနေခြင်း ဖြစ်သည်။

ကုန်သည်များတလည် အလုအယက်ရောင်းချနေကြသည်။ ယှူချင်းထန်သည် ဖြည်းဖြည်းသာလျှောက်သည်။ သူ့အား လူ မသိုက်မိစေရန် ဂရုစိုက်လျှောက်နေသည်။



"ဖြောင်း—ဖြောင်း—ဖြောင်း"
"ဖြောင်း—ဖြောင်း—ဖြောင်း"

ဖြောက်အိုးဖောက်သံများ ဆူညံသွား၏။ လူငယ်ကလေး များ၏ လက်ချက်ပင်။ လူငယ်လေးများကတော့ ပျော်ရွှင် မည်မှာ သေချာသည်။

ယှူချင်းထန်ကတော့ လူငယ်ကလေးများလို မပျော်နိုင် ပေ။

ထိုအချိန်တွင် လူများတိုးရှောင်နေသည့်ကြားမှ အလော တကြီးလာသည့် မိန်းကလေးတစ်ယောက်သည် သူ့အား ဝင်တိုက်မိ၏။ နောက်မှဝင်တိုက်မိခြင်းဖြစ်သည်။

"အို"

"ဗုန်း"

ယှူချင်းထန်သည် တောင်ဝှေ့တခြား လူတခြားဖြစ်သွား လေ၏။

မိန်းကလေးသည် တောင်ဝှေ့ကိုလိုက်ကောက်ပေးသည်။ လူကို ဆွဲထူပေးသည်။

သူ ဝင်တိုက်မိသူမှာ လူငယ်တစ်ယောက်သာ ဖြစ်သည်ကို သူမ တွေ့သည်။ သို့သော် ဒုက္ခိတ တစ်ယောက်။

"ကျွန်မကို ခွင့်လွှတ်ပါရှင်၊ အရေးတကြီးကိစ္စတစ်ခု ရှိနေလို့ ကျွန်မ တိုက်မိတာပါ"

ထိုမိန်းမသည် ယှူချင်းထန်ကို ချိန်းဆိုထားသော လီပိုးစင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ယခု အမှု တိုက်မိသူအညီ ယူချင်းထန်မှန်းသူမ သိချေ။

လီသိထားသည်မှာ ယူချင်းထန်ဆိုသူသည် သူ၏အစ်ကို၏ လီဆူရှင်းကြောင့် အဆိပ်ပေးခံနေရသည်ဟူ၍ပင်။

ထို့ကြောင့် ယူချင်းထန်အား ထူမ ပေးပြီးသည်နှင့် ခြင်္သေ့မင်း စားသောက်ဆိုင်သို့ လျင်မြန်စွာ ထွက်ခွာသွား လေတော့၏။

ယူချင်းထန်သည်လည်း ထိမိန်းကလေးအို စိတ်မဆိုးပေး သူ့ခရီးကိုသာ ဆက်လေသည်။

"ခြင်္သေ့မင်း စားသောက်ဆိုင်"

ဆိုင်ကား လူများသော စားသောက်ဆိုင်ပင်။ အဘယ် ကြောင့် လူများသော စားသောက်ဆိုင်သို့ချိန်းမှန်း ယူချင်း ထန် တွေး၍မရပေ။

သူသည် စားပွဲတစ်လုံးတွင်ဝင်၍ ထိုင်လိုက်ရာ၏၊ စားသောက်စရာများကို မစားသည်။

ယူချင်းထန်သည် လီဆိုသူမှာ မည်သူဖြစ်မည်နည်းဟု ခန့် မှန်းနေ၏။

ဆိုင်ထဲသို့ဝင်လာသူမှန်သမျှကို ငေးကြည့်နေမိသည်။

လီသည်။ စားပွဲတစ်လုံးတွင် ထိုင်၍ ယူချင်းထန်ကိုစောင့် ကြည့်နေ၏။

သို့သော် ယူချင်းထန် ဝင်လာစဉ်က သူမသည် ဆိုင်ရှေ့ ထမ်းတစ်ဦးနှင့် စကားပြောလိုက်သဖြင့် မမြင်လိုက်ရချေ။



ထိုစဉ် ဆိုင်အပြင်၌ မြင်းလှည်းတစ်စီး ထိုးရပ်ပြီး အမျိုး သမီးတစ်စု စားသောက်ဆိုင်ထဲသို့ ဝင်လာကြတော့သည်။

မိန်းကလေးကိုးယောက်ပါ လူတစ်စုဖြစ်လေရာ စားသောက်သူများ သည် ထိုလူစုအား ရှေ့ပင်တိမ်းကြလေ၏။

သူတို့သည် စားပွဲတစ်လုံးတွင် ဝင်ထိုင်ကြ၏။

ဒုန်း"

"ဟေ့...အရက်တစ်လုံးပေးစမ်း"

"ဟေ့...မှာစရာတွေမကြားဘူးလား၊ မြန်မြန်ပေး"

"ခေါက်ဆွဲ...ခေါက်ဆွဲပေး"

သူတို့မှာနေသည့်ဆူညံမှု ဆူညံပြီးလွန်းလှသဖြင့် စားပွဲ ထိုးများမှာ ဘာကို လုပ်ပေးရမှန်း မသိ ဖြစ်နေသည်။

ယူချင်းထန်သည် ထိုသို့ နိုင်ငံမသိမြင် ပြုမူသောအမျိုး သမီးများကို မကြည့်လိုပေ။

သူသာ ဒုက္ခမဖြစ်လျှင် ထိုအမျိုးသမီးများကို ရှင်းပစ် လိုက်မည်မှာ ကြာခဲ့ပြီ။

သူသော် ထိုလူများကို ကြည့်ခရာပေ။ သူသို့ထို ဆုံးမနိုင် သော အခြေအနေတွင်လည်း မပေးသဖြင့် ဆိုင်တွင်း၌ ကျဆင့် ငွေကိုချနေရာ၍ အပြင်သို့ ထွက်ရန် ပြင်ဆင်လေ၏။

ဆိုင်ပြင်သို့ထွက်ရန် တောင်ဝှေးကို အားပြု၍ထွက်သွား သော ယူချင်းထန်ကို အမျိုးသမီးတစ်ယောက်သည် ထိုင်ချ လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောင်ဝှေးလွှင့်စဉ်သွားပြီး လူဝါ လဲပျိုကျသွားသည်။

"ဟား...ဟား...ဟား"

"ဘယ်လိုလဲ၊ မင်းက ခြေကျိုးရုံတင်မကဘူး မျက်စိပါ ကန်းနေတာစတိုး၊ ငါ့စားပွဲပေါ်က ပုလင်းကွဲသွားပြီ သိရဲ့လား"

ဒေါ်သတ်ကြီး အောင်ဟစ်လိုက်သည့် အမူးသမားဓါ် အသံသည် ဟိန်းထွက်သွားလေး။

ယှူချင်းထန်၏ အအားများ ဆတ်ဆတ်တုန်သွားသည်။ သူ ဒေါသထွက်လာသည်။

ဗြိုသနာနှင့်သူ ထိပ်တိုက်တွေ့ပြီး သို့သော် သူ့ ဒေါသကို ထိန်းချုပ်သည်။

★

## အခန်း (၄၁)

"မတော်တဆ ဖြစ်တာပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်"

"ဘာမှ တောင်းပန်းဖို့မလိုဘူး"

ယှူချင်းထန်သည် ကြိုးစား၍ ထ၏။ ထိုအခါ အမူးသမား တစ်ယောက်က လက်ပြန်နှစ်ချက်ရိုက်သည်။

"ဖြောင်း"

"ဖြန်း"

ယှူချင်းထန် လဲကျသွားသည်။

ထိုအခါ အမူးသမားတစ်ယောက်က ပြေးကန်လိုက်လေသည်။

"ဗုန်း"

"ဟား...ဟား...ဟား"

ယှူချင်းထန်ကို ငယ်တောလို ဝိုင်းတောကြသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဝူန်း"

"ဖြောင်း"

"ဖြန်း"

လို့စဉ်…

"ဖေတ…ချပ်လိုက်စမ်း"

အသံပါစ်သံသည် ဟိန်း၍ ထွက်ပေါ်လာသည်။ ယူချင်းထန့်နှင့်အတူ အမှုသမားများသည် အသံလာရာသို့ မျှော်ကြည့်ကြသည်။

"ဟယ်…"

ယူချင်းထန့် အံ့ဩသွားသည်။ လယ်၌ စူ့အဖေ့တိုက်ခိုက်သော မိန်းကလေး ဖြစ်နေသည်တကား။

"ရှင်တို့ ရိုင်းလှချည်လား။ ဒက်ဘဲတစ်ယောက်ကို ဝိုင်းပြီး တိုက်ခိုက်နေကျောက်ကြတယ်လို့ ရှင်တို့လူတွေမှ ဟုတ်ကြရဲ့လား"

အရက်သမားတစ်ဦးက…

"ခင်ဗျား မသက်ဆိုင်ပါဘူး။ ဒါ နှင့်ပေးကျေအောင်လို့လား"

အမှုသမားသည် ရိုင်းစိုင်းကြမ်းတမ်းစွာ ပြောလိုက်လေသည်။

လီပိုးသည် မျက်နှာပါကြင်လုံး နီရဲသွားလေ၏

"အေး… ဝါယောက်ျား မဟုတ်လို့ပေါ့။ ဝါယောက်ျားသာဆိုရင် ရှင်တို့ တော်တော်ပြောတည်း… ဝေါင်းပြီးဒီလို မိုက်မိုက်ရှိုင်းရိုင်းမြှောင်တဲ့ နင်တို့ကို ဆုံးမရမယ်



လီပိုးသည် အရက်သမားများ ကြားသို့ ခုန်ဝင်လိုက်၏။ သူမ၏ ခြေထောက်များသည် လျှပ်တစ်ပြက် လှုပ်ရှားသွားသည်။

"ဖြောင်း"

အမှုသမားသုံးယောက် မှောက်ကျသွားသည်။ ထိုအခါ သိမ်မွေးသောလူသုံးယောက်က လက်နက်များကို ဆွဲထုတ်လိုက်သည်။

"ဝိုး"

"ရှမ်း"

"ရှလွှမ်း"

သံကြိုးဘယ်ဆူးလုံး၊

ဓားရှည်၊

လှံရှည်၊

လက်နက်သုံးမျိုး ဖြစ်လေသည်။

"ဝိုး…ဝိုး…ဝိုး"

"ဝှစ်…ဝှစ်…ဝှစ်"

လက်နက်များ ဝေ့ယမ်းသောအခါ လေတိုးသံ မြည်လာ၏။ ထိုလက်နက်များကို ခုခံကာသည့်တော လီပိုးသည် သူတို့အား အထင်မသေးတော့ချေ။

လီပိုးသည် စားပွဲခုံပေါ်သို့ ခုန်တက်လိုက်၏။

သံကြိုးဘင်ဆူးလုံးဖြင့် ရိုက်ချသည်။

"ဖြောင်း"

www.burmeseclassic.com



"ဂွမ်း"

စားပွဲကြီး ထက်ခြမ်းကွဲသွား၏။

လီပိုးက ခုန်ရှောင်ထွက်သွားလေသည်။

"ဝှီး"

"ဝှစ်...ဝှစ်...ဝှစ်"

ဓားသမားနှင့် လှံသမားတို့ကလည်း တိုက်ခိုက်သည်။ လီပိုးသည် ဓားခုတ်ချက်နှင့် လှံထိုးချက်တို့၏ ကျွမ်းကျင်စွာ ရှောင်လိုက်ရာ လှံထိုးချက်သည် ဓားသမား၏ရင်ဘတ်သို့ တန်းခနဲ ဝင်သွားလေ၏။

"အား"

ဓားသမားတား တိုက်ဆည်နှင့် အချင်းချင်း ထိုးမိတာ ပွဲချင်းပြီး သေဆုံးသွားလေ၏။ လီပိုးသည် အံ့အားသင့်နေသော လှံသမား၏ မျက်နှာအား နှစ်ချက်ဆင့် ဆော်ပစ်လိုက်သည်။

"ဖြောင်း...ဖြောင်း"

လှံသမားမှာ မရှောင်နိုင်။ နှစ်ချက်ဆင့် အကန်ခံလိုက်ရသဖြင့် သေလုမြောပါး ဖြစ်သွားသည်။ လှံသည် လွင့်စင်သွားသည်။

"ဝုန်း"

ကြွမ်းပြင်ပေါ်သို့ မှောက်ကျသွားလေပြီ။ သံကြိုးတပ် ဆူးသမားသာ ကျန်တော့သည်။

"ဝှီး...ဝှီး...ဝှီး"



သံကြိုးတပ်ဆူးသမားသည် လေထဲ၌ဝှေ့ နေသည်။ သူသည် ဆူးလုံးဖြင့် လီပိုးအားရိုက်ချရန် အကွက်ချောင်းနေလေ၏။

* * *

"ဘာစကြည့်နေတာလဲ၊ ရှင် တိုက်မလို့မဟုတ်လား၊ တိုက်လေ"

"ကဲ...ထိုက်တယ်ကွာ"

ဆူးလုံးဖြင့် တရကြမ်း လှိုက်ရိုက်တော့သည်။

"ဝုန်း...ဒိုင်း...ဖြောင်း"

တစ်ကြိမ်တွင် လီပိုးသည် ဆူးလုံးသမားထံ ခုန်ဝင်သွားပြီး ရင်ဝသို့ လက်ဝါးဖြင့်ရိုက်ကာ မျက်နှာတို့ တံတောင်ဖြင့် တွက်ချလိုက်၏။

"ဝုန်း...ဖြောင်း"

"အား"

လက်နက်သမားသုံးယောက် မှောက်သွားလေပြီ။ ကျန်သော အမူးသမားများသည် ကြောက်လန့်တကြားထွက်ပြေးကြလေ၏။

စားပွဲထိုးများသည် ပျက်စီးသွားသောစားပွဲခုံ ပြန့်ကြဲနေသည့် အစားထိုး ခင်ကျင်းသည်။ မကြာမီ နေသားတကျ ဖြစ်သွားသတော့၏။

www.burmeseclassic.com

www.burmeseclassic.com



လီပိုးသည် ယွန်ချင်းယန်၏ ခေါင်းငုံ့ကို ငေးစိုက်ငေး လေ၏။

ယွန်ချင်းယန် လွန်စွာ တော့ငူးတင်မှုသည်း

"ညီမအောက်ကလေးရင် အစ်ကို့ကို မသေချာ၊ သူတို့က အစ်ကို့ကို အသေသတ်ကြမှာ"

"ညီမကယောကျာ်းတစ်ယောက်ပိုက်ကြည့်နေတာပါ"

"ကျေးဇူးပါပဲ ညီမရယ်"

ယွန်ချင်းယန်သည် ခေါင်းငုံ့၍ လမ်းထွက်လိုက်သည်။

"ညီမနာမည် ဘယ်လိုခေါ်သလဲဟင်"

အခန်းထဲ၌လူများစွာရှိနေသည်။ ရှိသည့်လူများထဲ၌ လီပိုး၏ စိတ်ဝင်စားစွာကြည့်နေသည်။ သူ့ရဲ့ကောင်းမလေး တစ်ဦး ဖြစ်နေသည် မတွေ့ပါသေး။

လီပိုးသည် လူများကြား၌ သူ၏နာမည်ရင်း၏ ထုတ်ဖော် ပြောဆိုသောကြောင့် မမိုက်မဲချေ။ ရှေ့နောက်။ ဂိုဏ်းသား များက သူ့ကို နောက်ယောင်ခံလိုက်နေကြသည် မတွေ့ပါ လုမး။

"ညီမနာမည် ခုနိုင်ဖပါအစ်ကို"

လီပိုးသည် သူ၏နာမည်ရင်း၏ မပြောဘဲ လိမ်ညာ၍ ပြောလိုက်လေ၏။

ယွန်ချင်းယန်ကလည်း လီပိုး၏ သူ့ယောက်ျားအား ဘယ်သူ မိန်းကလေးအဖြစ် ရှေးရှုတောင်နေ၏။



"အစ်ကို့နာမည်ကတော့"

ယွန်ချင်းယန်သည် သူ့အတိတ်ဘဝကို မေ့ပျောက်သွားချင် သူဖြစ်၏။

"ကွမ်ပင်"

ယွန်ချင်းယန်ကလည်း သူ့နာမည်အမှန်ကို မပြောချေ။

"အစ်ကို ဘယ်မှာနေသလဲဟင်"

"အစ်ကို့ ဒုက္ခိသည်ဆိုတော့ နေစရာ မရှိဘူးလေ၊ ဒါကြောင့် ဘုရားကျောင်းထဲမှာပဲ နေနေရတာ"

"ညီမ"

လီပိုးသည် ယွန်ချင်းယန်အား ကရုဏာသက်သော မျက်လုံး များဖြင့် ကြည့်လေ၏။

"နောင် ညီမကိုတွေ့ရင် မိတ်ဆွေရင်းချာလို သဘောထား ပြီး ခေါ်ပါ၊ ညီမက ဒီမြို့အမှတ်မပါဘူး၊ နေ့သည် ပါ၊ အစ်ကိုရှိတဲ့ ဘုရားကျောင်းကို ညီမလာခဲ့ဦးမယ်"

လီပိုးသည် ပြောရင်း ယွန်ချင်းယန်အား နှုတ်ဆက်ထွက်ခွာ သွားလေ၏။

ကံဆိုးမှောအဖြစ်ပင်၊ ချိုးနိုးဆိုထားသွေးပင်၊ တွေ့ဆုံရမှု လျက် မသိနိုင်သောအဖြစ် ဟား ရင်နာစရာ ကောင်းပါလား။

လီပိုးတည်နေယောက် သူ့ရှာဖွေ နေသော ယွန်ချင်းယန်ကို တွေ့ရပါလျက် နှင်းအဆိပ်ဖြေဆေးကို မပေးနိုင်ဘဲဖြစ်သွား ရှာသည်။

www.burmeseclassic.com

www.burmeseclassic.com



လူချင်းထန်အဖို့လည်း ရင်နာစရာပါပေ။

ချန်ငိုဆိုသောမိန်းကလေးသည် သူ့အား နဂါးဖြစ်သော အဖေမေးသည့် လီပိုးဆိုသော မိန်းကလေးမှန်း သိလိုက်လျှင် မည်မျှ ရင်နာလိမ့်မည်နည်း။

ဘဝ၏ လှည့်ကွက်များသည် တစ်ခါတစ်ရံ ဤသို့ဖင်ဖြစ်တတ်သည်။

လူချင်းထန်သည် တောင်ဝေ့ဘာဒေါ်တီဒေါက်ဖြင့် ဖြည်းညင်းစွာ ထွက်ခွာ သွားလေတော့၏။

★

## အခန်း (၄၂)

## ထျို့ငှထ်နာမည်

သိုင်းလောကတွင် ဖြစ်ပျက်နေသည့် အဖြစ်အပျက် များသည် ရှန်ဆန်မြို့သို့ ကူးစက်လာလေ၏။

သိုင်းအကျော်အမော်များသို့ လိုက်လံသတ်ဖြတ်နေသော မျက်နှာဖုံးစွပ် သိုင်းသမားသည် ရှန်ဆန်မြို့ ထိပ်သီး သိုင်းသမားများကိုလည်း လာရောက် သတ်ဖြတ်လေသည်။

ထိုမျက်နှာဖုံးစွပ် သိုင်းသမားအိုသည်း ယခုထိ မည်သူမည်ဝါမှန်း မသိနိုင်ကြသေး။

www.burmeseclassic.com

www.burmeseclassic.com



ထိုသည့် သိုင်းသမားများစွာကို ဘက်နက်ဖြင့် သတ်သွားသော စံသည်းဘက်နက်မဲ့သိုင်းပညာ ကျွမ်းကျင်သူဖြစ်ကြောင်း အားလုံးက ပြောကြသည်။

သူသည် လူတစ်ယောက်သတ်ပြီးတိုင်း မျက်နှာဖုံးတစ်ခု ကို ချန်ထားခဲ့လေရာ ထိုမျက်နှာဖုံးများ၌ ခေါင်းကင်နဂါး ဟူ၍ အမည်ပါရှိခဲ့သည်။

ခေါင်းကင်နဂါးသည် ပဒေသစ္စ ဘက်ကိုယ်တော်လည်း ရှိနေသည်။

သို့သော် များမကြာမီ အဖွဲ့အစည်းတစ်ခု တည်ထောင်ပြီး ခေါင်းကင်နဂါးဂိုဏ်း ဟု တည်ထောင် လာခဲ့သည်။

ထိုဂိုဏ်း၏ တည်ရာ ဌာနချုပ်သည် ရှန်ဆီနယ် မြို့ပြင်၌ တည်ရှိသည်။

ထိုဂိုဏ်းချုပ်မျက်နှာကိုလည်း မည်သူမျှ မမြင်ဖူးကြပေ။

မျက်နှာဖုံးအမြဲတပ်ထားလေရာ ခေါင်းကင်နဂါးသည် မည်သူမှန်းမသိဘဲ ဖြစ်နေကြသည်။

အောက်လမ်းသိုင်းဂိုဏ်း တစ်ဂိုဏ်းသည် မထင်မှတ်ဘဲ ကြီးထွားလာခဲ့ပြီး



ထိုကိစ္စနှင့်ပတ်သက်၍ ဟူတာန့်ဂိုဏ်းချုပ်ကြီးနှင့် တိုမ်ခေ ဂိုဏ်းချုပ်ကြီးတို့ ဆွေးနွေးလျက်ရှိကြသည်။

သူတို့သည် ခေါင်းကင်နဂါးအပေါ် စိတ်ဝင်စားကြသည်။

ဘက်နက်မဲ့ သိုင်းပညာရှင်တစ်ဦး ဖြစ်သည် ဆိုခြင်းက သူတို့အဖို့ စိတ်ဝင်စားစရာဖြစ်သည်။

"ခေါင်းကင်နဂါးဟာ ယူချင်းထန်ရဲ့ဆရာတစ်ယောက် မဖြစ်နိုင်ဘူးလား"

"ဒါတော့ မပြောနိုင်ပါဘူး၊ ယူချင်းထန်က အထက်တန်း သိုင်းသမားပါ"

"ဒါပေမယ့် ခေါင်းကင်နဂါးဟာ ကျုပ်တို့ ဂိုဏ်းချုပ် ကြီးတွေကိုသတ်တဲ့ လူသတ်သမား ဟုတ်မဟုတ်ဆိုတာတော့ စုံစမ်းရလိမ့်မယ်"

"ဖော်တွေ့ဖို့ မလွယ်ဘူးလေ"

တိုမ်ခေဂိုဏ်းချုပ်ကြီးက လက်ရှိအခြေအနေကို ပြောပြ လေသည်။

ဟူတာန့်ဂိုဏ်းချုပ်ကြီးက —

"အောက်လမ်း သိုင်းသမားတိုင်းဟာ ကြီးစား သိုင်း သမားတွေ ဖြစ်နေတတ်ကြတာ၊ သူ့ကို ခြေရာခံလိုက်ရင် လူဘယ်သူလဲဆိုတာ သိရမှာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းကင်နဂါးဟာ ကြေးစားသိုင်းသမား ဘယ်လိုမှ မဖြစ်နိုင်ဘူး..."

"ဘာဖြစ်လို့လဲဆိုတော့ သူသတ်နေတဲ့လူတွေဟာ ထိပ်သီး သိုင်းသမားတွေ ဖြစ်နေလို့ပဲ၊ သူဟာ သိုင်းလောကတို့ ဆက် ဆက် အခွန့်အနှောင့် ယှက်မှုနေရအောင် ဝင်လာတဲ့သူပဲ"

ကောင်းကင်နဂါးနှင့် ပတ်သက်၍ ဆွေးနွေး ချက်မှာ တဖြည်းဖြည်း ကျယ်သောင်လာလေ၏။

သိုင်းလောကအတွင်းသည် ကောင်းကင်နဂါးဆိုသူက ခေါင်း ထောင်ကြည့်လာသည်။

ကောင်းကင်နဂါး မည်သူမေနည်း။

ဟူတန် ဂိုဏ်းချုပ်ကြီးသည် ဖျိုင်မေ ဂိုဏ်းချုပ်ကြီးနှင့် ဆွေးနွေး ပြီးခဲ့လေသည်။ ကောင်းကင်နဂါးသည် ရင်ထဲမှ မပျောက်ပျက်ဘဲရှိနေလေ၏။

သိုင်းလောကသား အထက်လမ်း ဂိုဏ်းသား များအား လိုက်လံသတ်ဖြတ်နေသည့် ကောင်းကင်နဂါးအား အဘယ် သို့လျှင် ရင်ထဲမှ ဖျောက်ဖျက်နိုင်ပါမည်နည်း။

အထက်လမ်းဂိုဏ်းသားများကလည်း ကောင်းကင်နဂါး ကို မကြောက်ပါ။

ထိုသို့ မကြောက်သည့်အတွက်ကြောင့် အသတ်ခံနေရခြင်း ဖြစ်ပါသည်။



ကြောက်လန့်ပြီး အဓမ္မတရားကို ထကမည် အမြဲမီ ရှိမည်ဆိုပါက မျက်နှာဖုံးစွပ်အန္တရာယ်အား ဝိုင်းဝန်း တားဆီး ကွယ်နိုင်ပါလိမ့်မည်။

ဟူတန်ဂိုဏ်းအနေဖြင့် မျက်နှာဖုံးစွပ် သိုင်းသမားကို လီဆူရှင်း ဖြစ်မည်ဟု ထေမပိုင်းကသာ ထင်မှတ်ခဲ့သည်။

မနေ့ကပိုင်း၌ အထင်အမြင် တစ်မျိုးပြောင်းလဲသည်။

မျက်နှာဖုံးစွပ် သိုင်းသမားသည် လွန်ခဲ့သော အနှစ် နှစ်ဆယ်က စိန်ခေါ် သတ်ဖြတ်သွားသူသာ ဖြစ်ရမည်ဟု ဆက်ခံယုံကြည်ခဲ့သည်။

ယခု အထက်လမ်း သိုင်းသမားများ အသတ်ခံနေရ သည့်အထဲတွင် ဟူတန်ဂိုဏ်းမှ တစ်ယောက်ပါသွားခဲ့သည်။

သေဆုံးသူ၌ ဒဏ်ရာမရှိသဖြင့် ယကိုနတ်မဲ့သိုင်းသမား၏ လက်ချက်ဖြစ်ကြောင်း သိနိုင်ခဲ့သည်။

မည်သည့် ဒဏ်ရာဖြစ်မည်ကို ရှာဖွေကြည့်သောအခါ ဘယ်ဘက်ရင်ဘတ်၌ လက်ဝါးရာကြီး တစ်ချက်တွေ့ရှိရ သည်။

လက်ဝါးရိုက်ချက် တစ်ချက်တည်းဖြင့် သေစေနိုင်သူ၏ အတွင်းအားကို ခန့်မှန်းကြည့်နိုင်ပေသည်။

ဟူတန်ဂိုဏ်း၏ လက်ထောက်ဂိုဏ်းချုပ်သည် ဂိုဏ်းချုပ် ကြီးနှင့် ဆွေးနွေးနေ၏။

www.burmeseclassic.com

"ဂိုဏ်းချုပ်ကြီး...လူချင်းထန်ဟာ ဆရာမရှိဘူးလို့ ပြောနေတယ်၊ ဒါဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူးလို့ အားလုံးသိထားကြတာပဲ၊ ဒီဟာ လူချင်းထန်ရဲ့ဆရာ မဖြစ်နိုင်ဘူးလား"

ဂိုဏ်းချုပ်ကြီးက...

"ဝဥ်းပေါ်းစရာပဲကွယ်၊ လူချင်းထန်အနေဘာ သူ့ဆရာကို ထုတ်ဖော်မပြောပြဘူး၊ ဒါနဲ့ အဲဒီ ကောင်းကင်နဂါးဆိုသူရဲ့ အသင်းကိုထုပ်ရနေသေးသလား"

"သူသင်းကို မျက်ခြည်မပြတ်လိုက်ကြည့်နေတာပေါ့ပဲ၊ မတြေခင် ရှုံးပိုင်းအတွင်းမှာ စစ်းဆေးသူအဆိုင် ထပ်ဆိုင်ကမှာ ခင်ရှမ်းသွားတော့မှ သဘောင်းကြားတယ် ဂိုဏ်းချုပ်ကြီး"

"အင်း...ဝဥ်းပေါ်းရတော့ အခေါင်ခက်တာပဲ"

"ဟူဘန်ဂိုဏ်းရဲ့ ပြည်နယ်ချက်တွေနဲ့ အဲဒီ သိုင်းသမားလှုပ်နေတဲ့ ချက်တွေဆိုတော့ ပြဒါးသစ်လမ်း သဘောပေါက်ပဲ၊ သူဟာ သိုင်းလောကမှာ အမြေ ဓားဆောင် အကြိုကြိုးနေတယ်၊ ...လီဆူရှင်း မဖြစ်နိုင်ဘူးလား ဂိုဏ်းချုပ်ကြီး"

"အင်း...ဖြစ်နိုင်တယ်"

ထိုကားကို ပြောသူမှာ ဟူဘန်ဂိုဏ်းချုပ်ကြီးမဟုတ်ပေ။ တိုင်ခေဂိုဏ်းချုပ်ကြီး ဖြစ်သည်။



တိုင်ခေဂိုဏ်းချုပ်ကြီးက ဆက်ပြောသည်။

"သိုင်းလောကကြီး အေးချမ်းတင်းဖို့ အေးချမ်းဖို့ ကျုပ်တို့မှာ ယခုမှန်ရှိသည်၊ ငါကိစ္စကို အမြန်ဆုံး အေးချမ်းသွားအောင် ဆောင်ရွက်ရမယ်"

ဟူဘန်ဂိုဏ်းချုပ်ကြီး၊ ဆက်ဆောက်ဂိုဏ်းချုပ်၊ တိုင်ခေဂိုဏ်းချုပ်ကြီးတို့သည် ထိုကိစ္စကို ဆွေးနွေးတိုင်ပင်ကြလေသည်။

သူတို့ ဆွေးနွေးချက်အရ ကောင်းကင်နဂါး မည်သူမည်ဝါဆိုသည်ကို သိအောင် ကြိုးလုပ်ရန် ကောင်းကင်နဂါးရှိရာနေရာကို ရှာဖွေရန် လူချင်းထန်အား မျက်ခြည်မပြတ် စောင့်ကြည့်ရန်နှင့် လူချင်းထန်၏ အသက်ကို ကယ်တင်ခဲ့သည့် မိန်းကလေး မည်သူမည်ဝါဖြစ်သည်ကို စုံစမ်းရန်စသည်တို့ ဆုံးဖြတ်လိုက်ကြလေသည်။

ဟူဘန်ဂိုဏ်းသားများက ကောင်းကင်နဂါးကို ရှာဖွေကြ၏။

ထိုနည်း သိုင်းသမားတိုင်း အပြည့်အဝရှိသူများ ဖြစ်သည်။

သိုင်းသမားသည် ခေါင်းဆောင်ကို ကျော်ခဲ့သူများ ဖြစ်သည်။

www.burmeseclassic.com



သူတို့သည်အညီ၊ တစ်နေ့မနေ့သေရမည်။ သိုင်းအမဲအား အညီ၊ တစ်နေ့နေ့သေရမည်သာ၊ ထို့ကြောင့် သေခြင်းတရားကို ကြောက်ရန်မလိုဟု သူတို့အယူရှိကြသည်။

သူတို့သည် ကောင်းကင်နဂါးအား ရှာဖွေတိုက်ခိုက်ရန် စိတ်အားထက်သန်နေကြသည်။

ကောင်းကင်နဂါး ဂိုဏ်းတစ်ခုလုံးကို မကြာခင် ဖြိုဖျက်နိုင်လိမ့်မည်ဟု သူတို့ အကြွင်းမဲ့ယုံကြည်ကြသည်။

ဝဆာဆိုင်းငြိုးပါပြီ။

တက္ကသိုလ် နေလင်းအောင်

(ဒုတိယပိုင်း ဆက်လက်ဖတ်ရှုပါရန်)

www.burmeseclassic.com